မြန်မာ့အလင်း

၁၂၈၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မီးရထားသည် စရိတ်သက်သာ၍ သက်သောင့်သက်သာစီးနင်းနိုင်သဖြင့် ပြည်သူများအားထား စက်ခေါင်းစက်ရုံမှ ဝန်ထမ်းများအနေဖြင့် လျာထားချက်ထက် ပိုမိုပြုပြင်၊ တည်ဆောက်နိုင် ပြုပြင်၊ ထုတ်လုပ်ခြင်းကို ယခုထက်ပိုမိုဆောင်ရွက်မှသာ ခရီးသည်များ ပိုမိုအဆင်ပြေလာမည်

မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်အတူ ညနေ ၃ နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရှင်းလင်းခန်းမ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က လိုအပ်သည့် စက်အစိတ်အပိုင်းအချို့အား ပြည်ပမှ မှာယူတင်သွင်းခြင်းမပြုဘဲ ပြည်တွင်း၌ သွင်းကုန်အစားထိုး ထုတ်လုပ်မှုအခြေအနေ၊ အခြားဝန်ကြီးဌာနများ အောက်ရှိ စက်ရုံအလုပ်ရုံများမှ လိုအပ်သော စက်ပစ္စည်း အစိတ်အပိုင်းများကိုလည်း မြန်မာ့မီးရထားမှ သွင်းကုန်အစားထိုး ထုတ်လုပ်ပေးမှု အခြေအနေ၊ မီးရထားစက်ခေါင်းများကိုလည်း ပြည်တွင်း၌ တီထွင်ထုတ်လုပ်နေသည့် အခြေအနေ၊ မူလ မြင်းကောင်ရေ ၂၂၀၀ အား စက်ခေါင်းတစ်လုံးမှ ပြည်တွင်း၌ မြင်းကောင်ရေ ၁၁၀၀ အား စက်ခေါင်းနှစ်လုံးအဖြစ် ပြုပြင် တီထွင်ထုတ်လုပ်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

၂၀ - ၂ - ၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

20-2 (01) 1 2/20/07, 1:23 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင် ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်း

နိုင်ငံတော်က နယ်မြေဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးလာစေရေး စီမံကိန်းကြီးများ ချမှတ်ပြီး ဆောင်ရွက်ခဲ့ရာတွင် ရခိုင်ပြည်နယ်သည်လည်း အပါအဝင် ဖြစ်သည်။

ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေး တိုးတက်အောင် အဘက်ဘက်က ဆောင်ရွက်ခဲ့သည့်အတွက် မိုးစပါးဧက ၁၂သိန်းကျော်၊ ပဲအမျိုးမျိုးဧက တစ်သိန်းခုနစ်သောင်းကျော်နှင့် ဆီထွက်သီးနှံဧက တစ်သိန်းခွဲကျော်အထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။ မွေးမြူရေး အနေဖြင့် ပုစွန်ကန်ဧက ငါးသောင်းကျော်ရှိခဲ့ရာမှ ယခုအခါ ဧကတစ်သိန်းခွဲကျော်ရှိလာသည့်အတွက် ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေများ တိုးတက်မြင့်မားလျက် ရှိသည်။

ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်၍ မြစ်ချောင်းများ ပေါများသည်။ လမ်းပန်း ဆက်သွယ်ရေးတွင် ရေကြောင်းခရီးကိုသာ အားထားနေရသည့်အတွက် နိုင်ငံတော်က လမ်း၊ တံတားများ တိုးချဲ့ဆောက်လုပ်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် မော်တော်ကားလမ်း ၅၂၂ ဒသမ ၇ မိုင် တိုးချဲ့ဖောက်လုပ်ပေးခဲ့ပြီး ပေ ၁၈၀အထက် တံတားကြီး ၂၄ စင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ပြည်နယ်အတွင်းရှိ တစ်မြို့ချင်းသာမက ရန်ကုန်–စစ်တွေ၊ ရန်ကုန်–ကျောက်ဖြူကားလမ်းများ ပေါ်ထွန်းလာပြီး ပြည်မအထိ လွယ်ကူစွာ ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်လာပြီ ဖြစ်သည်။

ရေလမ်းခရီးသွားလာမှုသည် ပြည်နယ်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အရေးပါလျက်ရှိရာ လိုအပ်သည့် မြို့များ၌ ကမ်းရိုးတန်းသွား သင်္ဘောများနှင့်အခြားသင်္ဘောများ အလွယ်တကူ ဆိုက်ကပ်နိုင်ရေး ဆိပ်ခံတံတားများကို တည်ဆောက်ပေးလျက်ရှိသည်။ ဖေဖော်ဝါရီ ၁၈ ရက်က ဖောင်တော်ကြီး ဆိပ်ခံတံတားကို ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ရခိုင်ပြည်နယ်တွင် ဆိပ်ခံတံတားပေါင်း ခုနစ်ခုရှိခဲ့ပြီ ဖြစ်သည်။

ဖောင်တော်ကြီး ဆိပ်ခံတံတားသစ်ကို တန်ချိန် ၄၀၀၀ ရှိ ကမ်းရိုးတန်းသွား သင်္ဘောများသာမက အိမ်နီးချင်းနိုင်ငံများမှ ပင်လယ်ကူးသင်္ဘောကြီးများပါ ဆိုက်ကပ်နိုင်ရန် ရည်ရွယ် တည်ဆောက်ခဲ့ခြင်းဖြင့် ရေကြောင်းမှ ကုန်စည်ပို့ဆောင်မှုကို များစွာအထောက်အကူရရှိမည် ဖြစ်သည်။

ထိုသို့ နိုင်ငံတော်က မွန်မြတ်သောစေတနာဖြင့် ပြည်နယ်၊ တိုင်းများကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အခြေခံကောင်းများ တည်ဆောက်ပေးလျက်ရှိရာ ပြည်သူများကလည်း ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကြံဆောင်ရင်း ထုတ်လုပ်သည့်ကုန်ပစ္စည်းများကို ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၀–၂–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပာန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သံစဉ်မဲ့မေတ္တာ”** (အပိုင်း–၉)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မိုးနဂါးသိုင်းရှစ်ကွက်”** (အပိုင်း–၈)

ရန်ကုန်အနောက်ပိုင်း ခရိုင် လမ်းမတော် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၂၃ရက်က လမ်းမတော်အထက (၂)တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာ စောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှင် Son Huynh & Tuyft VU VI Say Visuddhi Panno (U.S.A)(ရွှေဥမင်ဓမ္မသုခရိပ်သာ)တို့က အထွေထွေပဒေသာပင် အမေရိကန်ဒေါ်လာ ၃၀၀ နှင့် ငွေကျပ် နှစ်သောင်းကို နှင်းဆီ ကုန်းဘိုးဘွား ရိပ် သာ အုပ်ချုပ်ရေး အဖွဲ့ဝင် ပါ မော က္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နေပြည်တော် ဗဟိုစာတိုက်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် စစ်ဆေး၊ သတ်မှတ်ချိန်ပြီးစီးရေး မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက နေပြည်တော် ဗဟိုစာတိုက်ကြီး တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ တည်ဆောက်ရေး တာဝန်ခံများက နေပြည်တော် ဗဟိုစာတိုက်ကြီး တည်ဆောက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီပြီးစီးရေး မှာကြားသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ သည် နေပြည်တော် အော်တိုအိတ်ချိန်း သို့ရောက်ရှိပြီး ဆက်သွယ်ရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ စာပို့လုပ်ငန်းနှင့် ကြေးနန်း ဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)**လိုအပ်သည်များကိုဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ဆက်သွယ်ရေး ချို့ယွင်းမှု တိုင်ကြားရေးဌာန(Complaint Center)သို့ ရောက်ရှိပြီး ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲပိုင်းက တပ်ကုန်းမြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး ဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းပေး

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ သည် ရမည်းသင်းမြို့ အော်တိုအိတ် ချိန်းနှင့် ပျော်ဘွယ်မြို့ အော်တိုအိတ် ချိန်းတို့သို့ ရောက်ရှိပြီး ဆက်သွယ်ရေး လုပ်ငန်းများ၊ စာတိုက်လုပ်ငန်းများနှင့် အမြန်ချောပို့ လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ ဂရိတ်ဝေါလ်ဆေးဝါးထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်စိန်က ကျပ်နှစ်သိန်းငါးသောင်းတန်ဖိုးရှိ ဆေးဝါးများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လူမှုဝန်ထမ်းဦးစီးဌာန တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများနှင့် အားကစားထူးချွန် မသန်စွမ်းကလေးများဂုဏ်ပြုပွဲနှင့် ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများမှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများနှင့် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် အားကစားထူးချွန် မသန်စွမ်းကလေးများအား ဂုဏ်ပြုပွဲနှင့် ငွေလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဂီတခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ရှေးဦးစွာ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသား ကျောင်းသူလေးများက သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဂုဏ်ပြု အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် (၂၀၀၅-၂၀၀၆) ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ၊ အာရှ-ပစိဖိတ်ဒေသ မသန်စွမ်း အားကစားပြိုင်ပွဲတွင် မသန်စွမ်း သက်ငယ် သင်တန်းကျောင်းမှ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု တစ်ခု၊ လုံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု တစ်ခုရရှိသည့် မသိမ့်သူသူလင်း၊ လုံတံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု တစ်ခု၊ သံပြားပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု တစ်ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု တစ်ခုရရှိသော ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ မထက်ထက်အေးနှင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ ကျင်းပခဲ့သော ITF 14 & Under Asian Championship 2007 (Group 2) ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ် နှစ်ဆုရရှိသော မန္တလေး လူငယ်သင်တန်းကျောင်းမှ မောင်အောင်ကျော်နိုင်တို့အား အလှူရှင်များဖြစ်ကြသော Dr. အောင်လွင်-ဒေါ်သက်စန္ဒာ (ပြည့်ဖြိုးထွန်း Co., Ltd.)က ငွေကျပ် ၁၀ သိန်း၊ ဦးမောင်မောင်၊ ဦးမောင်မောင်စိန်နှင့် ညီများ ဂရိတ်ဝေါလ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ငွေကျပ် နှစ်သိန်းငါးသောင်း တန်ဖိုးရှိသော ဆေးဝါးပစ္စည်းများ၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဦးအောင်ခိုင်-သုဓမ္မသိဂီ ဒေါ်ခင်ကြူကြူသန်း (မဏ္ဍိုင်ဒီဇယ်ပန့်နှင့် နော်ဇယ်ပြုပြင်ရေးအလုပ်ရုံ)က ငွေကျပ် တစ်သိန်း၊ ဦးကျော်စိုး(ကောင်းဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ ဦးသန်းလွင်(မြို့မ ဆင်ဖြူတော်ငရုတ်သီးမှုန့်နှင့် မုန့်မျိုးစုံရောင်းဝယ်ရေး)က ငွေကျပ်ငါးသောင်း၊ ဦးမြစိုး-ဒေါ်တင်တင်မြင့် (ဒို့ရွှေပြည်ဆောက်လုပ်ရေး)က ငွေကျပ်ငါးသောင်း၊ ဗိုလ်မှူးတိုးတက်ရှင်-ဒေါ်စွဲ့ခင်ဌေးမေတို့က ငွေကျပ် တစ်သောင်း၊ ဦးကျော်ကျော်ဦး-ဒေါ်သန်းသန်းစိန် (မန်းမြန်မာ Family Co., Ltd.)က ငွေကျပ်နှစ်သိန်း၊ ဦးကျော်ကျော်-ဒေါ်ခင်မေလင်း (Creator Co., Ltd.)က ငွေကျပ်နှစ်သိန်း၊ ဦးဌေးရင် (Royal Garden Co.,Ltd.)က ငွေကျပ်တစ်သိန်း၊ ဦးသန်းညွှန့် (မင်းဇေရာ Co., Ltd.)က ငွေကျပ်တစ်သိန်း၊ ဦးဇော်ဝင်း (မြန်မာပွင့်သစ်ကုမ္ပဏီ)က ငွေကျပ်တစ်သိန်း၊ဦးပြည်စိုး(Kitchen Mart)က ငွေကျပ် တစ်သိန်းတို့ကို ကျောင်းသား ကျောင်းသူများအား ကိုယ်တိုင်ကိုယ်ကျ တစ်ဦးချင်း ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

သီဆိုဖျော်ဖြေ

ထို့နောက် တင်းနစ်အားကစားအတွက် ပံ့ပိုးကူညီသော Ko Ko Ro Volunteer Group မှ Mr. Jimbo နှင့် ဇနီးတို့အား ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့က အသီးသီးဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး မျက်မမြင်ကျောင်းသား ကျောင်းသူများက ဂီတစွမ်းရည်များဖြင့် ပြန်လည် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဇနီးမိသားစုက ကြည့်မြင်တိုင် မျက်မမြင်ကျောင်းရှိ ဂီတကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်း ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ယောချောင်းတံတား (ကံတွင်း)မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ဆိပ်ဖြူ-စလင်းလမ်း၊ စလင်း-ကံပြားလမ်းနှင့် ပုသိမ်-မုံရွာလမ်း၊ ပဒါန်း-ကံပြားအပိုင်းရှိ လမ်း တံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာမှူး ဦးဘစောက မုန်းချောင်းတံတား ပဒါန်းဘက်ကမ်း ချဉ်းကပ်တံတား၏ သံကူကွန်ကရစ်ရက်မများသွန်းလောင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင်ကြိုးပမ်းဆောင်ရွက်ရန်၊ ပဒါန်းဘက်ကမ်း ချဉ်းကပ်လမ်း မြေသားတာပေါင်ဖို့လုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

မုန်းချောင်းတံတားအမျိုးအစားမှာ ဘေလီတစ်လမ်းသွား ကြိုးတံတား အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ပေ ၄၀၀ နှင့် ချဉ်းကပ်တံတား ပေ ၅၄၀ ရှိ၍ စုစုပေါင်း တံတားအရှည် ပေ ၉၄၀ ရှိသည့် ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ တန် ၃၀ ဖြစ်သည်။

ယခုအခါ မုန်းချောင်းတံတား ပဒါန်းဘက်ကမ်း ချဉ်းကပ်တံတား၏ တံတားအောက်ထည် လုပ်ငန်းများပြီးစီး၍ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းတို့မှာ အခန်း ကိုးခန်းရှိသည့်အနက် ခြောက်ခန်းပြီးလျက် ပင်မကြိုးတပ်ဆင်ခြင်းလုပ်ငန်းနှင့် ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်းတိုက် ဖြူး ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဖြူးဓမ္မသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖြူးဆရာတော်၏ တပည့် မြိုင်ဆရာတော် ဘဒ္ဒန္တပညာဇောတ ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိကမှ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ ဓမ္မကထိက ဗဟုဇနဟိတဓရကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ရာ ကြွရောက် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်းစိန် ဆေးရုံကြီးအတွင်း ဖွင့်လှစ်ထားသည့် သံဃာ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသည့် ဂိလာနသံဃာတော်များအတွက် မြို့နယ် ဥပဒေအရာရှိ ဒေါ်ယုယုခင်က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ချွဲစုပ်စက်တစ်လုံးကို နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့ဝင် ရွာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ၊ အောင်ဆန်း မဟာမြိုင်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယနှင့် သံဃာတော်များရှေ့မှောက်တွင် ဖေဖော်ဝါရီ ၇ ရက်က ပေးအပ်လှူဒါန်းရာ သံဃာ့ဆေးရုံကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးသိန်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(က-ပ)

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း သင်တန်းများဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြား၊ ထူးချွန်ဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေး ကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၇)၊ အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၄)၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၁)၊ ယဉ်ကျေးမှုနည်းပြများ မွမ်းမံသင်တန်းအမှတ်စဉ်(၃)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၆)နှင့် (၄၇) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် တာဝန်ရှိသူများက စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၇)တွင် စံပြ သင်တန်းသားဆုရရှိသူ ဦးသန်းထွန်းလေး နည်းပြ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ကွမ်းလုံအားလည်းကောင်း၊ အဆင့်မြင့် အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၄)တွင် စံပြ သင်တန်းသူ ဆုရရှိသူ ဒေါ်ချိုချိုစန်း အငယ်တန်းစာရေး မြိတ် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းအား လည်းကောင်း၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၁)မှ ကြိမ်ဘာသာရပ်တွင် စံပြ သင်တန်းသူ ဆုရရှိသူ ဒေါ်သီရိကြေးမုံ လက်ထောက်နည်းပြ ဗန်းမော် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းနှင့် ဝါးဘာသာရပ်တွင် စံပြ သင်တန်းသူ ဆုရရှိသူ ဒေါ်ဖြိုးဝေဝေလှိုင်၊ ပစ္စည်းထိန်း-၄ မြဝတီ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းအား လည်းကောင်း၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၆)တွင် စံပြ သင်တန်းသားဆုရရှိသူ ဦးထွန်းမင်းလွင် အကြီးတန်းစာရေး ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် စာပေထူးချွန်ဆုရရှိသူ ဦးကျော်ထွန်းလှ အငယ်တန်းစာရေး ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အား လည်းကောင်း၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၇)တွင် စံပြသင်တန်းသား ဆုရရှိသူ ဦးမျိုးအောင်သွင် အကြီးတန်းစာရေး နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)တို့အား ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူ ခေါင်းဆောင်များသို့ ပေးအပ်သည်။

အားပေးကြည့်ရှု

သင်တန်းများ ဆင်းပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ်သည် အဆင့်မြင့် အိမ်တွင်းမှုသင်တန်းသူများ၏ စက်ချုပ်ကျွမ်းကျင်မှု သရုပ်ပြသခြင်းနှင့် ချုပ်လုပ်ထားသည့် လက်ရာပစ္စည်းများ အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်းသူများ၏ လက်တွေ့ သရုပ်ပြသခြင်းနှင့် သင်တန်းသူများ၏ လက်ရာ ကြိမ်ထည်/ဝါးထည် လက်မှု အသုံးအဆောင်ပစ္စည်းများကို အားပေး ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ယဉ်ကျေးမှုနည်းပြများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၂-၂၀၀၇ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၅ ၈။ ရင်းငြိမ်ရေထိန်းတံခါး
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) [ဒဿနိကဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၆:၅၅ ၅။ **"အားနာလိုက်တာ"** မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇:၀၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၇:၅၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (သေသပ်လှပညီညာ သရက်ကိုင်းသင်ဖြူးဖျာ)
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၈:၅၀ ၁၁။ ရန်ကုန်-ပြည်၊မန္တလေး-ရန်ကုန် မိုင်၁၀၀၀ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၁၈)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၂၆)

အင်တာနက် – ကျန်းမာရေး

ခါးနှင့် နောက်ကျောနာကျင်မှု ဦးနှောက်အစိတ်အပိုင်းအားထိခိုက်နိုင်

ဘာလင် ဖေဖော်ဝါရီ ၁၉

ခါးနှင့် နောက်ကျောနာကျင်မှု ဝေဒနာ ကြာမြင့်စွာခံစားနေရခြင်းသည် ဦးနှောက်အတွင်း အစိတ်အပိုင်းများ ပြောင်းလဲမှု ဖြစ်ပေါ်စေနိုင်ကြောင်း ဂျာမနီနိုင်ငံမှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ထိုသို့ ခါးနှင့် နောက်ကျော**(ယာပုံ)** နာကျင်မှု ဝေဒနာ ခံစားနေရသူများကို သုတေသနပြု စစ်ဆေးခဲ့ရာ ၎င်းတို့၏ ဦးနှောက်အတွင်း အလွန်သေးငယ်သော ဦးနှောက် နာဗ်ကြောလေးများနှင့် နာဗ်ဆဲလ်များကို ထိခိုက်မှုရှိစေကြောင်း တွေ့ရှိရသည်ဟု ဂျာမနီနိုင်ငံမှ သုတေသနပညာရှင်များက ပြောကြားသည်။

ကုသသင့်

ဦးနှောက်အတွင်းရှိ အလွန်သေးငယ်သော အစိတ်အပိုင်းလေးများ အချိန်ကြာမြင့်စွာ နာကျင်ထိခိုက်မှု ဖြစ်နေလျှင် စိတ်လှုပ်ရှားမှု၊ အာရုံထွေပြားမှုနှင့် စိတ်ဖိစီးမှုများ အဆက်မပြတ် ဖြစ်ပေါ်လာတတ်ကြောင်း၊ ထိုသို့သော ဖြစ်ရပ်များမဖြစ်ပွားရန် ဆရာဝန်များနှင့် မိမိတို့၏ဝေဒနာအား ပြသ ကုသသင့်ကြောင်းလည်း ဂျာမနီမှ သုတေသနပညာရှင် ဒေါက်တာဂျော်ဂန်လုဇ်က အကြံပြုထားသည်။

ခါးနှင့် နောက်ကျောနာကျင်မှု ဝေဒနာခံစားနေရမှုသည် ဦးနှောက်အတွင်း အစိတ်အပိုင်းများသာမက အခြား မည်သည့်ထိခိုက်မှုများ ရှိနိုင်သည်ကိုလည်း ဆက်လက် သုတေသနပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ငယ်ရွယ်စဉ် ကျန်းမာရေးချို့တဲ့ပါက ကြီးပြင်းလာလျှင် စိတ်ပိုင်းဆိုင်ရာထိခိုက်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၉

ငယ်စဉ်က ကျန်းမာရေး မကောင်းခဲ့သော ကလေးငယ်များသည် အသက်အရွယ်ရလာသည့်အခါ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဝေဒနာများ ခံစားရတတ်ကြောင်း လန်ဒန်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

လသားအရွယ်မှ အသက်သုံးနှစ် အရွယ်ကလေးငယ်ပေါင်း ၁၅၀၀၀ခန့်ကို သုတေသနပြုခဲ့ရာ ငယ်စဉ်က ကျန်းမာရေးချူချာခဲ့သောကလေးငယ်များသည် အခြားကလေးငယ်များကဲ့သို့ တက်ကြွလန်းဆန်းမှုမရှိကြကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

သုတေသနပြု

ထို့အပြင် ၎င်းကလေးငယ်များ အရွယ်ရောက်လာသည့်အချိန်တွင်လည်း အခြားသူများကဲ့သို့ လူမှုဆက်ဆံရေးနှင့် ဉာဏ်ရည်ဉာဏ်သွေးတို့တွင် ပုံမှန်အနေအထားမျိုးမရှိတတ်ကြကြောင်း အသက် ၁၈ နှစ်နှင့် ၂၅ နှစ်အကြား လူငယ်၅၀၀၀ကို သုတေသနပြုခဲ့ရာမှ တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ဖြစ်ပွားမှုနှုန်းမှာ ငယ်ရွယ်စဉ် ကျန်းမာရေးချို့တဲ့သည့် ကလေးငယ်များ၏ ၂၈ ရာခိုင်နှုန်းသည် ထိုကဲ့သို့သော စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ဉာဏ်သွေးတို့ ထိခိုက်တတ်ကြသည်ဟု သုတေသနပညာရှင် ဒေါက်တာ အီးမဲလ်ကလပ်က ပြောကြားသည်။

(အင်တာနက်)

အရှေ့အလယ်ပိုင်း၌ ကန်တို့ နိုင်လိုမင်းထက် ပြုလျက်ရှိ
ဥရောပနိုင်ငံများက အားပေးအားမြှောက် မလုပ်ရန် အီရန်သမ္မတ ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၁၉

အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တို့၏ နိုင်လိုမင်းထက်ပြုမှုသည့် မူဝါဒအပေါ် ဥရောပနိုင်ငံများ အနေဖြင့် အားပေးအားမြှောက် မပြုလုပ်ကြရန် အီရန်သမ္မတအာမက်ဒိန်ရက်နီဂျက်က သတိပေးလိုက်ကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့အမေရိကန်တို့ မူဝါဒအပေါ် အားပေးမှုမပြုလုပ်ပါက အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများ၏ ယုံကြည်မှုကို ဥရောပနိုင်ငံများရရှိကြမည်ဖြစ်ကြောင်း အာမက်ဒိန်ရက်နီဂျက်က အီရန်ဆိုင်ရာ ဘယ်လ်ဂျီယံ သံအမတ်ကြီး ဟာဗီရီနက်စ်နှင့်ဖေဖော်ဝါရီ၁၄ရက်က တွေ့ဆုံစဉ် ပြောကြားလိုက်ခြင်း ဖြစ်သည်။

အီရန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သည် ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ရရှိဖြစ်ထွန်းစေရန် အတူတကွ ဆောင်ကြဉ်းနေကြသည့် နိုင်ငံများဖြစ်ကြောင်းလည်း အီရန်သမ္မတက ပြောကြားသည်။

ဖြေရှင်းရမည်

ယနေ့ကမ္ဘာတွင် ပြဿနာများစွာနှင့် ကြုံတွေ့နေရကြောင်း၊ ၎င်းပြဿနာများကို လေးစားမှု၊ တရားမျှတမှုနှင့် ချင့်ချိန်သုံးသပ်မှုများဖြင့် ဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် ဖြစ်ကြောင်း၊ နိုင်ငံ၏လိုအပ်ချက်များအရ နျူကလီးယားအစီအစဉ်ကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကန့်ကွက်ဆန္ဒပြ

အီတလီနိုင်ငံ ဗီချင်ဇာမြို့တွင် အမေရိကန် စစ်အခြေစိုက်စခန်းထားရှိရန်စီစဉ်မှုကိုကန့်ကွက်ဆန္ဒပြနေကြသူများအား ဖေဖော်ဝါရီ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လန်ဒန်တွင် သေနတ်ပစ်ခတ်မှုများ ဆက်တိုက်ဖြစ်ပွား

လန်ဒန် ဖေဖော်ဝါရီ ၁၉

အသက် ၂၀ အရွယ်ရှိ အမျိုးသားလူငယ်တစ်ဦး လန်ဒန်မြို့၌ သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြောင်း၊ ယင်းမှာ လူငယ်များနှင့် သေနတ်သမားများ ပစ်ခတ်မှုများဖြစ်ပွားခဲ့သည့် နောက်ဆုံးဖြစ်ရပ်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖေဖော်ဝါရီ ၁၈ရက်က ဖော်ပြသည်။

ယင်းပစ်ခတ်တိုက်ခိုက်ခံရသူသည် လန်ဒန်မြို့အရှေ့ပိုင်း၌ ဟက်ခ်နီအရပ်၌ လူနှစ်ဦးက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မန်ချက်စတာတွင် အသက် ၁၈ နှစ်အရွယ်ရှိ လူငယ်တစ်ဦးသည်လည်း ဖေဖော်ဝါရီ ၁၆ရက်က တိုက်ခိုက်ခံရပြီးဆေးရုံတင်ထားရကြောင်း၊ အသက် ၁၉ နှစ်နှင့် ၂၇ နှစ်ရှိ အမျိုးသားနှစ်ဦးသည်လည်း လန်ဒန်မြို့ မြောက်ပိုင်း၌ သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကယ်လီဖိုးနီးယား၌ ဘိန်းများ စံချိန်တင်ဖမ်းမိ

လော့အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၉

ကယ်လီဖိုးနီးယားတွင် ဘိန်းညို ၁၂၁ပေါင်ကိုဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့ကဖေဖော်ဝါရီ၁၇ ရက်တွင်အတည်ပြုပြောကြားလိုက်သည်။

ဖမ်းဆီး

လော့အိန်ဂျလိစ်မြို့ အနာဟိန်အရပ်၌ ရဲတပ်ဖွဲ့က သံသယရှိသော မော်တော်ယာဉ်တစ်စီးကို ရပ်တန့်ရှာဖွေရာ အဆိုပါ ဘိန်းညိုများနှင့်အတူ လူခြောက်ဦးကိုပါ ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တားဆီး

အမေရိကန်အကောက်ခွန်စစ်ဆေးရေးနှင့် နယ်စပ်တားဆီးကာကွယ်ရေး ရဲအရာရှိများက အမေရိကန်၊ မက္ကဆီကိုနယ်စပ် ဆန်ရိုင်စီဒရိုနယ်စပ်ကို ဖြတ်ကျော်လာသော ဟွန်ဒါစီဗစ်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ အဆိုပါဘိန်းထုပ်ငါးထုပ်ကို တွေ့ရှိခဲ့ကြောင်း အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်း မူးယစ် ဆေးဝါးမှာ လက်လီဈေးနှုန်းအရအမေရိကန်ဒေါ်လာခြောက်သန်းဖိုး ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ဝင်ရိုးစွန်း ရေခဲပြင်အောက် ပြောင်းလဲမှု
သိပ္ပံပညာရှင်များ စူးစမ်းဖော်ထုတ်နိုင်

ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၁၉

တောင်ဝင်ရိုးစွန်း ရေခဲပြင်မှ လျင်မြန်စွာ ကျုံ့နိုင်၊ ကျယ်နိုင်သောရေများ ထိန်းထားသည့် မျက်နှာပြင်အထက် ဖောင်းထနေသည့် အကွက်ကြီးများကို သိပ္ပံပညာရှင်များက ပုံထုတ်လေ့လာသည်။



မြစ်များ၊ ရေခဲမြစ်အောက် ရေကန်ကြီးများက အပေါ်ယံ ရေခဲတို့ကို နိမ့်ချည်၊ မြင့်ချည်ဖြစ်အောင် ဖန်တီးနိုင်ကြောင်း နာဆာအဖွဲ့ ဂြိုဟ်တုဓာတ်ပုံများအရ သိရသည်။

လေ့လာတွေ့ရှိ

ရေခဲမြစ်အောက် ရေများသည် အချိန်တိုအတွင်း ထိုမျှ ထုထည်ပမာဏကြီးမားစွာ စီးဆင်းကြောင်း၊ ယခင်က သတိမမူခဲ့သော်လည်း ယခုအခါ လေ့လာ တွေ့ရှိရကြောင်း ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ဒေါက်တာ ဟယ်လင်ဖရစ်ကာက ပြောကြားသည်။

ဤလေ့လာ တွေ့ရှိချက်များက ကမ္ဘာ့ရေခဲထု၏ ၉၀ရာခိုင်နှုန်းနီးပါးရှိသည့် အန္တာတိတ်တောင်ဝင်ရိုးစွန်းရေခဲပြင်က ကမ္ဘာကြီး ပူနွေးလာစေအောင် မည်မျှဖန်တီးကြောင်းနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်စေရန် မည်သို့အထောက်အပံ့ပြုကြောင်း သိရှိနားလည်လာစေရန် ဆိုသည်။ **(အင်တာနက်)**

တောင်ဝင်ရိုးစွန်း ရေခဲပြင် ပြောင်းလဲမှု ပုံထုတ်လေ့လာချက်များကို ဖေဖော်ဝါရီ ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ရထားတစ်စင်းပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ခရီးသည်၆၆ဦးထက်မနည်းသေဆုံး၊ ၁၂၀ကျော်ဒဏ်ရာရရှိ

နယူးဒေလီ ဖေဖော်ဝါရီ ၁၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာရာနာပြည်နယ်တွင် ဖေဖော်ဝါရီ ၁၈ ရက် ယမန်နေ့ နံနက် ၁ နာရီ မိနစ် ၅၀ အချိန်က ခရီးသည်တင် အမြန်ရထား တစ်စင်းပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လူ ၆၆ ဦးထက်မနည်း သေဆုံးပြီး ၁၂၀ ကျော် ဒဏ်ရာရရှိသွားကြောင်း နယူးဒေလီ တီဗွီသတင်းက ဖော်ပြသည်။

ရှာဖွေတွေ့ရှိ

အဆိုပါ ရထားသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့သို့ ခုတ်မောင်းလာစဉ် ဟာရာနာပြည်နယ် ပါနီပက်မြို့ အနီးအရောက်တွင် ရထားပေါ်၌ ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်းနှင့် ရထားပေါ်၌ မပေါက်ကွဲသေးသော ဗုံးနှစ်လုံးကိုလည်း ရှာဖွေတွေ့ရှိရကြောင်း သိရသည်။

တိုးမြင့်လာဖွယ်

ဒဏ်ရာရရှိသူများအနက်မှ သေဆုံးမှုများဖြစ်လာနိုင်သဖြင့် သေဆုံးသူအရေအတွက် တိုးမြင့်လာဖွယ်ရှိကြောင်း၊ ယင်းဗုံးဖောက်ခွဲမှုသည် အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဆာဂျာရာဘာရူးက ပြောကြားကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

(အင်တာနက်)

အီရတ်ဆိုင်ရာ ဘုရှ်၏အစီအစဉ် ဆန့်ကျင်သည့် ဆုံးဖြတ်ချက်

အမေရိကန် အောက်လွှတ်တော်အတည်ပြု

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး အမေရိကန်သမ္မတဘုရှ်၏ အစီအစဉ်ကို ဆန့်ကျင်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အမေရိကန် အောက်လွှတ်တော်က ဖေဖော်ဝါရီ ၁၆ ရက်တွင် အတည်ပြုလိုက်သည်။

အဆိုပါဆုံးဖြတ်ချက်ကို အောက်လွှတ်တော်တွင် ထောက်ခံမဲ ၂၄၆မဲ၊ ကန့်ကွက်မဲ ၁၈၂မဲဖြင့် အတည်ပြုလိုက်ခြင်းဖြစ်သည်။ ဒီမိုကရက်တစ်ပါတီဝင် အမတ်အများစု၏ ထောက်ခံမဲပေး အတည်ပြုရာတွင် ရီပတ်ဘလီကင် အမတ် တစ်ဒါဇင်ကျော်လည်း ပါဝင်ထောက်ခံမဲ ပေးကြသည်။

ယင်းသို့ မဲခွဲအတည်ပြုပေးခြင်းက အီရတ်ဆိုင်ရာ အမေရိကန်ရပ်တည်ချက်တွင် တိုက်ပွဲရပ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်ခေါ်မည့်ပြောင်းလဲလာမှုကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပေလိုဆီက ပြောကြားလိုက်သည်။ ဤသို့မဲခွဲအဆုံးအဖြတ်ပေးခြင်းမှာ သမ္မတဘုရှ်၏ စစ်ပွဲဆိုင်ရာမူဝါဒကို အမေရိကန် အောက်လွှတ်တော်က ပထမဆုံးအကြိမ် ပယ်ချလိုက်ခြင်းလည်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပသည့် သရီးဂျီအက်စ်အမ် ကုန်စည်ပြပွဲ၌ အရောင်းဝန်ထမ်းတစ်ဦး မိုဘိုင်းလ်ဖုန်းသစ်တစ်လုံး ပြသနေသည်ကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျကာတာမြို့၌ တုပ်ကွေးရောဂါ ထူပြော

ဌာန ၈၈ ခု ထူထောင်၍ သတိပေးနှိုးဆော်နေ

ဂျကာတာ ဖေဖော်ဝါရီ ၁၉

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်တွင် တုပ်ကွေးရောဂါများဖြစ်ပွားနေမှုကြောင့် သတိပေးနှိုးဆော်ရေးဌာန ၆၁ ခုမှ ၈၈ ခုအထိ တိုးမြှင့်လိုက်ကြောင်း အင်တာရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တုပ်ကွေးရောဂါပပျောက်ရေး သီတင်းပတ်အဖြစ် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ဂျကာတာမြို့တော်တွင် သတိပေးနှိုးဆော်ရေးဌာန ၈၈ ခု တည်ထောင်ထားကြောင်း ဂျကာတာမြို့တော် ကျန်းမာရေးရုံး ဒုတိယအကြီးအကဲ ဆာလီမာဆလင်းက တုပ်ကွေးရောဂါတားဆီးကာကွယ်ရေး အစီအစဉ်တစ်ရပ်အဖြစ် မြို့တော်၌ ဖေဖော်ဝါရီ ၁၆ ရက်က ဆောင်ရွက်စဉ်အတွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆောင်ရွက်

မြို့တော် အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် အဆိုးရွားဆုံးဖြစ်ပွားနေသည့် မြို့တော် ဂျကာတာတွင် တားဆီးကာကွယ်ရေး အစီအမံများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သူမက ပြောကြားသည်။

ဂျကာတာတွင် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အတွင်း တုပ်ကွေးရောဂါကူးစက်ခံရသူပေါင်း အနည်းဆုံး ၃၃၈၉ ဦးရှိကြောင်း၊ အများစုမှာ ဂျကာတာမြို့တော် တောင်ပိုင်းမှဖြစ်ကြောင်း သိရသည်။

သေဆုံးခဲ့

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလတွင် တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၂၄၅၈ ဦး ဖြစ်ပွားရာ ရှစ်ဦးသေဆုံးခဲ့ကြောင်း၊ ဖေဖော်ဝါရီလတွင် တုပ်ကွေးရောဂါခံစားရသူ ၉၃၁ ဦးရှိခဲ့ပြီး လေးဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှား တုပ်ကွေးရောဂါတိုက်ဖျက်ရေး စာရင်းဇယားများ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေး နိုင်ငံတကာ သဘောတူညီမှုရရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးခေါင်းဆောင်များသည် ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ရေး ဝါရှင်တန်ထိပ်သီးအစည်းအဝေးတွင် သဘောတူညီမှုတစ်ရပ် ရရှိလိုက်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း ချမ်းသာသောနိုင်ငံများနည်းတူ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်မှု လျှော့ချရေး ရည်မှန်းချက်ပြည့်မီအောင် လုပ်ဆောင်ရန် ထိပ်သီးအစည်းအဝေး တက်ရောက်သည့် ကိုယ်စားလှယ်များက သဘောတူသည်။

လူ့ပယောဂကြောင့် ပေါ်ပေါက်သည့် ရာသီဥတုပြောင်းလဲမှုမှာ တစ်ကမ္ဘာလုံးနှင့်ဆိုင်သောကိစ္စဖြစ်ပြီး ကိုင်တွယ်ရန် မိမိတို့အားလုံးအပေါ် တာဝန်ရှိကြောင်း အစည်းအဝေးအပြီး ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ နှစ်ရက်ကြာ အစည်းအဝေးသို့ ချမ်းသာသော ရှစ်နိုင်ငံအဖွဲ့ (ဂျီ-၈)၊ ဘရာဇီး၊ တရုတ်၊ အိန္ဒိယ၊ မက္ကဆီကိုနှင့် တောင်အာဖရိက အပါအဝင် နိုင်ငံများမှ အမတ်များ တက်ရောက်ကြသည်။

ဤကြေညာချက်မှာ ၂၀၁၂ခုနှစ်တွင် သက်တမ်းကုန်မည့် ကျိုတိုသဘောတူညီချက်ကို အစားထိုးသွားမည် ဖြစ်သည် ဆိုသည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်လေးခု၌ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား ဗုံး ၂၉လုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူခုနစ်ဦးသေဆုံး၊ ၅၀ကျော်ဒဏ်ရာရ

ဗန်ကောက် ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၊ နာရီသီဝပ်ပြည်နယ်၊ ပတ္တာနီပြည်နယ်နှင့် ဆောင်ခလာပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၁၈ ရက် ယမန်နေ့ညနှင့် ယနေ့နံနက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားပြီး လူခုနစ်ဦးသေဆုံးကာ ၅၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းနိုင်ငံ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ထိုင်းနိုင်ငံအတွင်း ဗုံးခွဲတိုက်ခိုက်မှုသည် ယခု ၂၀၀၇ ခုနှစ် နှစ်သစ်ကူးကာလ၌ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကလည်း ဗန်ကောက်မြို့၌ ဗုံးရှစ်လုံးဆက်တိုက်ဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်း အဆိုပါပြည်နယ်လေးခု၌ ယမန်နေ့ည ၇ နာရီကျော် ၈နာရီမှစ၍ ဗုံး ၂၉လုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပစ်မှတ်ထားဖောက်ခွဲတိုက်ခိုက်သည့်နေရာမှာ ကာရာအိုကေဆိုင်များ၊ ဟိုတယ်များ၊ ကျောင်းများ၊ ဓာတ်ဆီဆိုင်များနှင့် လျှပ်စစ်ဓာတ်အားပေး လိုင်းများဖြစ်ကြောင်း ထိုင်းကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အက်ကာရာထိပရိဘီက ပြောကြားသည်။

သေဆုံး

ယခုဖြစ်စဉ်များ၌ သေဆုံးသွားသူ ခြောက်ဦးအနက် သုံးဦးမှာ ပတ္တာနီပြည်နယ်၌ ဖောက်ခွဲမှုနှင့်အတူ သေနတ်ဖြင့် ပစ်သတ်ခံရခြင်း ဖြစ်ကြောင်း၊ နောက်တစ်ဦးမှာ နာရီသီဝပ်ပြည်နယ်၌ ဖောက်ခွဲမှုနှင့်အတူ ပစ်သတ်ခံရခြင်း ဖြစ်ကြောင်း၊ ကျန်နှစ်ဦးမှာ ကမ္ဘာလှည့်ခရီးသည်များ စည်ကားရာ ဘီတောင်းမြို့ ကာရာအိုကေဆိုင်တစ်ဆိုင်၌ ဗုံးပေါက်ကွဲစဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၀ အနက် လေးဦးမှာ အသက်အန္တရာယ် စိုးရိမ်ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖေဖော်ဝါရီ ၁၉ ရက် ယနေ့ နံနက်ပိုင်းအထိ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း၊ ယာလာပြည်နယ်ရှိ ၎င်း၏အိမ်အနီးတွင် လက်လုပ်ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် ထိုင်းကြည်းတပ်မှ ဗိုလ်မှူးတစ်ဦး သေဆုံးပြီး ခုနစ်နှစ်အရွယ်ကလေးတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ထိုင်းရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

နာရီသီဝပ်ပြည်နယ် ရူဆိုးခရိုင်၌လည်း ဖေဖော်ဝါရီ ၁၉ ရက် ယနေ့ နံနက်ပိုင်းတွင် ဘူတာရုံအတွင်း ချိန်ကိုက်ဗုံးထောင် ဖောက်ခွဲတိုက်ခိုက် ခံရသဖြင့် အနီးတွင်လုံခြုံရေးဆောင်ရွက်နေသော ရဲအရာရှိသုံးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်မှစပြီး ထိုင်းနိုင်ငံတောင်ပိုင်းရှိ အဆိုပါပြည်နယ်လေးခုတွင် ဆူပူအကြမ်းဖက်မှုများ၊ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သဖြင့် လူ ၂၀၀၀ ကျော်အထိ သေဆုံးခဲ့ရကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊အေပီ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံး ရေငုပ်သင်္ဘော



ကမ္ဘာ့အသေးငယ်ဆုံး ရေငုပ်သင်္ဘောလေးတစ်စင်းကို တွေ့ရစဉ်။ (ယာပုံ)

ကနေဒါနိုင်ငံသား ပီရီပေါလင်းက အထူးတီထွင် ထုတ်လုပ်လိုက်သော ရေငုပ် သင်္ဘောလေးတစ်စင်းသည် အလေးချိန် ၁၃၆၆ ဒသမ ၉ပေါင်ရှိပြီး ခြောက်ပေခန့်သာရှိရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ရေငုပ်သင်္ဘောလေး တစ်စင်း ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ပလတ်စတစ်ခွက်များဖြင့် ပြုလုပ်ထားသည့် နဂါး

ပလတ်စတစ် ခွက်များဖြင့် ပြုလုပ်ထားသော နဂါးရုပ်ကို တွေ့ရစဉ်။ (ဝဲပုံ)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ပလတ်စတစ်ခွက်ပေါင်း တစ်သန်းဖြင့် ပြုလုပ်ထားသော နဂါးရုပ်ကို ဂျကာတာမြို့နေ ပြည်သူများက စုပေါင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အင်တာနက်)

ရိုးသားကြိုးစား အင်းလေးဒေသ မိရိုးဖလာ အိမ်တွင်းလက်မှုလုပ်ငန်းများ

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

*** ကျော်ဖုံးမှ**

ကျေးရွာ တစ်ရွာနှင့်တစ်ရွာ စီးပွားပြိုင်ဘက်သဘောမထားကြဘဲ ကျေးရွာတစ်ခုချင်းအလိုက် ကုန်ထုတ်လုပ်ငန်းတစ်ခုဆောင်ရွက်ကာ နိုင်ငံအကျိုးကို တစ်ဖက်တစ်လမ်းက သယ်ပိုးလျက်ရှိကြသည်။

"မိဘဘိုးဘွားလက်ငုတ် လက်ရင်း စဉ်လာမပျက် ပန်းပဲလုပ်ငန်းကိုဆက်လက် ထိန်းသိမ်းလုပ်ကိုင် လာခြင်းဖြစ်ပါတယ်"

အင်းလေးကန် ဆည်ခေါင်ရွာ ပန်းပဲလုပ်ငန်းရှင် ဦးဇော်လွင်

ဓာတ်ပုံ- အောင်သန်း (မင်္ဂလာတောင်ညွန့်)

သရုပ်ပေါ်

အင်းလေးကန်တစ်ဝိုက်ရှိ ကျေးရွာကြီးများသည် ကျေးရွာအလိုက် ရိုးသားစွာ လုပ်ကိုင် စားသောက်ကြသည့်အလျောက် တစ်ရွာနှင့်တစ်ရွာ မိရိုးဖလာ အိမ်တွင်းလက်မှု လုပ်ငန်းများကို လုပ်ကိုင်စားသောက်ကြသည်။ ထိုအခြင်းအရာမှာပင် အင်းသူအင်းသားများ၏ ရိုးသားကြိုးစား လုပ်ကိုင်စားသောက်မှုသရုပ်ကို ပေါ်လွင်လျက်ရှိသည်။

ပန်းပဲလုပ်ငန်း

မြန်မာ့အလင်း သတင်းအဖွဲ့သည် အင်းလေးကန်တစ်ဝိုက်၌ ကျေးရွာအလိုက် လုပ်ကိုင်စားသောက်နေကြခြင်းကို လက်လှမ်းမီသမျှ ရှာဖွေလေ့လာခဲ့သည့်အလျောက် ဆည်ခေါင်ကျေးရွာကြီး၌ ပန်းပဲလုပ်ငန်းဖြင့် ကုန်ထုတ်လုပ်ငန်း တည်ထောင်ကာ ဝမ်းစာရှာဖွေ စားသောက်နေသည်ကို သိရှိနိုင်ရန် ဆည်ခေါင်ကျေးရွာသို့ သွားရောက်လေ့လာကြသည်။

ဆည်ခေါင်ကျေးရွာတွင် ပန်းပဲလုပ်ငန်းလုပ်နေကြသော ပန်းပဲဖိုတစ်ခုဖြစ်သည့် ဦးဇော်လွင် ပန်းပဲလုပ်ငန်းသို့ ဝင်ရောက်လေ့လာကြသည်။ ဦးဇော်လွင်၏ ပန်းပဲလုပ်ငန်းမှာ လွန်ခဲ့သောနှစ်များစွာ မိဘဘိုးဘွားများ လက်ထက်မှစတင်ခဲ့ပြီး ဦးဇော်လွင်လက်ထက်၌ မိဘဘိုးဘွား လက်ငုတ်လက်ရင်း စဉ်လာမပျက် ဆက်လက်ထိန်းသိမ်းလုပ်ကိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ပန်းပဲဖိုပိုင်ရှင် ဦးဇော်လွင်အား မြန်မာ့အလင်းအဖွဲ့က မေးမြန်း၍သိရသည်မှာ ပန်းပဲလုပ်ငန်းကို လုပ်သားရှစ်ယောက်ဖြင့် လုပ်ကိုင်ကြောင်း၊ ပန်းပဲဖိုမှ ဓားမများ၊ ကြက်သား ဝက်သားခုတ်သည့် တရုတ်ဓားပြားများ၊ ဓားမြှောင်၊ ကတ်ကြေးများလုပ်ကြောင်း ဓားတစ်လက်လျှင် ဖောက်သည်ဈေး ကျပ် ၁၈၀၀ မျှ ရှိကြောင်း သိရသည်။

ပစ္စည်းကောင်း

ဆက်လက်၍ပြောပြသည်မှာပစ္စည်းများကို တောင်ကြီးတွင် ဖောက်သည်ဈေးဖြင့် ရောင်းကြောင်း၊ ကယားပြည်နယ် လွိုင်ကော်သို့လည်း ပေးပို့ရကြောင်း၊ တစ်နေ့လျှင် ဓား၁၅လက် ပြီးကြောင်း၊ ပန်းပဲဖိုမှ အဓိကထုတ်သော ပစ္စည်းမှာ ဓားမဖြစ်ကြောင်း၊ ဓားလုပ်သည့် သံများကို တောင်ကြီးတွင် သံထည် အဟောင်းများဝယ်၍ လုပ်ကြောင်း၊ သံ၏အမျိုးအစားပေါ် မူတည်၍ ပစ္စည်းကောင်းထုတ်လုပ်နိုင်ကြောင်း ကြားသိရသည်။

ပန်းပဲဖို

ဆည်ခေါင်ရွာတွင် ပန်းပဲဖို ဖိုပေါင်း ၈၀ ခန့်ရှိ၍ မြန်မာနိုင်ငံအနှံ့ ရောင်းချသည်။ ဖောက်သည်ပေး၍ ရောင်းကြသည်။ ပန်းပဲလုပ်သားများသည် တစ်နေ့လျှင် လုပ်အားခ ကျပ် ၂၀၀၀ ခန့်ရကြသည်။ လုပ်သားတစ်ယောက် တစ်နေ့လျှင် ဓားငါးချောင်းခန့် ပြီးအောင်လုပ်နိုင်ကြသည်။

ကြည့်ရှုမေးမြန်း

ဆည်ခေါင်ကျေးရွာရှိ ပန်းပဲဖိုများမှ ထုတ်လုပ်ကြရာတွင် တစ်နေ့လျှင် ဓားအလက် ၂၀၀ခန့် ထွက်ရှိသည်။ နိုင်ငံတကာမှ လာရောက်ကြသော ခရီးသွားဧည့်သည်များသည် လူ့စွမ်းအားဖြင့် လုပ်ကိုင် ထုတ်လုပ်နေသော ပန်းပဲလုပ်ငန်းကို စိတ်ဝင်စားစွာ ကြည့်ရှုမေးမြန်းသည်ကိုတွေ့ရသည်။ ကမ္ဘာလှည့်ဧည့်သည်များသည် လူ့စွမ်းအားဖြင့် လုပ်ကိုင်နေသည်ကို တန်ဖိုးထားစိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခြင်း၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းတို့ကို မြင်တွေ့ခဲ့ရသည်။

လူ့စွမ်းအား

တိုးတက်သောနိုင်ငံများတွင် စက်မှုအားကိုရယူပြီး ပစ္စည်းထုတ်လုပ်နေကြသည့်အလျောက် မြန်မာနိုင်ငံတွင် လူ့စွမ်းအားဖြင့် ပစ္စည်းထုတ်လုပ်သည်ကို တန်ဖိုးထားပြီး အမှတ်တရဝယ်ယူခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းကို တွေ့ခဲ့ရသည်။

နှစ်ပေါင်း ၂၀ ကျော်

မြန်မာ့အလင်းအဖွဲ့သည် အင်းလေးရွာတစ်ရွာဖြစ်သော တာလေကျေးရွာ ရွှေဟသာ်ချည်ထည်ရက်ကန်းလုပ်ငန်းပိုင်ရှင်ဒေါ်သော်ထွေးညိုအား ဆက်လက်တွေ့ဆုံမေးမြန်းရာ၊ ရက်ကန်းစင် လုပ်ငန်းကို လုပ်ခဲ့သည်မှာ နှစ်ပေါင်း၂၀ ကျော်ကြာပြီ ဖြစ်ကြောင်း၊ ရက်ကန်းစင် ခုနစ်စင်ရှိ၍ အပြင်တွင် ရက်ကန်းစင်အများအပြားရှိကြောင်း၊အပြင်ရက်ကန်းစင်များသို့ပစ္စည်းပေး၍ရက်ခိုင်းကြောင်း။

ထုတ်လုပ်သော ပစ္စည်းများမှာ သိုးမွေးအင်္ကျီ၊သိုးမွေးတဘက် စသော မိန်းမဝတ်ပစ္စည်းများ နည်းနည်းပါးပါး ရက်လုပ်ကြောင်း၊ မြန်မာနိုင်ငံတွင်လူကြိုက်များသော ချည်ထည်လွယ်အိတ်များ၊အင်းလေးလုံချည်များ၊အနွေးထည်ဂျာကင်များ ထုတ်လုပ်ရောင်းချကြောင်း၊ နိုင်ငံခြား ခရီးသွားများသည် ချည်ထည်များကို အဝယ်များ နှစ်သက်ကြောင်း၊ ယင်းသို့ ဝယ်ယူကြရာတွင် ဦးထုပ်တစ်လုံး ကျပ်၅၀၀၊ အင်းလေးလုံချည်တစ်ထည် ကျပ်တစ်သောင်းကျော်ရောင်းကြောင်း၊ တာလေရွာတွင် ရက်ကန်းစင်လုပ်ငန်းရှင်သုံးဦးရှိကြောင်း၊ တစ်ရွာလုံးရက်ကန်းစင်တည်ထောင်၍ ချည်ထည်များရက်လုပ် စီးပွားရှာနေကြသည်မှာ အများအပြားရှိကြောင်းဖြင့် မြန်မာ့အလင်းသို့ပြောကြားသည်။

အင်းလေးကန်ကြီးကို အမှီပြု၍ သတင်းမွှေးသော အင်းလေးဒေသသို့ လာရောက်လည်ပတ်ကြသောပြည်တွင်းပြည်ပဧည့်သည်များသည် တန်ခိုးကြီး ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရားများ၊ ရှေးဟောင်းကျောင်းကန်တန်ဆောင်းများကို ကြည့်ရှုဖူးမြော်လေ့လာခြင်းဖြင့် အင်းလေးကန်ဒေသသည် ပွင့်လင်းရာသီတွင် စည်ကားစိုပြည်လျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"နိုင်ငံခြားသားခရီးသွားများသည် ချည်ထည်များကိုအဝယ်များပါတယ်။ တစ်ရွာလုံး ရက်ကန်းစင်ရှိကြပါတယ်"

ရွှေဟသာ်ချည်ထည်ရက်ကန်းလုပ်ငန်းပိုင်ရှင် ဒေါ်သော်ထွေးညို

ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

အင်းလေးကန် တာလေရွာ ရွှေဟသာ် ချည်ထည်လုပ်ငန်းတွင် သိုးမွေးအင်္ကျီစများ၊ သိုးမွေး ခြုံ တဘက်များ ချည်များ ရက်လုပ်နေကြသည်ကို ဤသို့တွေ့ခဲ့ရသည်။

ဓာတ်ပုံ- အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြန်မာ့အလင်း အင်တာနက် သတင်း အတိုအထွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်တို့ လုံခြုံရေးမဟာဗျူဟာ အစီအစဉ်ဖြင့် တင်းကျပ်စွာလုံခြုံရေးပြုလုပ်နေသော်လည်း ရာမာဒီနှင့် ဘဂ္ဂဒက်တို့၌ ဗုံးများပေါက်ကွဲခဲ့ရာ အနည်းဆုံးလူ ၁၈ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အစ္စရေးဝန်ကြီးချုပ် မစ္စတာအိုလ်မတ်နှင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ခေါင်းဆောင် မစ္စတာအဘတ်စ်တို့သည် ဂျေရုဆလင်မြို့၌ ပထမဆုံးအကြိမ်တွေ့ခဲ့ကြပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်တော့မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ မက်ဒေါနယ် စားသောက်ဆိုင်တစ်ဆိုင်၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူခြောက်ဦးဒဏ်ရာရရှိသွားကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ကနေဒါသံရုံးတွင် ဝန်ထမ်းတစ်ဦးက စာအိတ်တစ်အိတ်အား ဖွင့်ဖောက်စစ်ဆေးစဉ် သံသယဖြစ်ဖွယ်ရာ အနံ့ရှူရှိုက်မိပြီး နာမကျန်းဖြစ်ခဲ့ပြီးနောက် သတိပေးနှိုးဆော်မှုများပြုလုပ်ထားကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

ဆိုမာလီယာနိုင်ငံ၏မြို့တော် မိုဂါဒစ်ရှူးတွင် အကြမ်းဖက်တိုက်ခိုက်ရေးသမားများအား ဆိုမာလီယာအသွင် ကူးပြောင်းရေးအစိုးရက ရဲတပ်ဖွဲ့နှင့်စစ်တပ်တို့ ပူးပေါင်းတပ်ဖွဲ့ကိုထူထောင်လျက် တိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

မက္ကဆီကိုအစိုးရက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် တိုးချဲ့ဆောင်ရွက်မှု တစ်စိတ်တစ်ဒေသအဖြစ် မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် နယ်စပ်တွင် တပ်ဖွဲ့ဝင်အင်အား ၃၀၀၀ ကို တိုးချဲ့တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

(အင်တာနက်)

ဝတ်စားဆင်ယင်မှုဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၁ ရက်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော ကြို့ကုန်းအနောက်ရပ်ကွက်မှ မေဘရဏီအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြင့်မြင့်သိန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

20-2 (06) 1 2/20/07, 1:23 PM

ရွှေတိဂုံစေတီ ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်စဉ် ကျင်းပ ပူဇော်မြဲဖြစ်သော ဗုဒ္ဓပူဇနိယ ပွဲတော်ကို ၁၃၆၈ ခုနှစ်တွင် (၂၅၅၁)နှစ် မြောက်အဖြစ် ဗုဒ္ဓပူဇာ၊ဓမ္မပူဇာ၊ သံဃာ့ ပူဇာဟုဆိုအပ်သောပူဇော်ခြင်း အရပ်ရပ် တို့ဖြင့် ပူဇော်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီ ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီး တန်ဆောင်း၌ ဖွင့်ပွဲအခမ်းအနား ကျင်းပ ပြီး မတ် ၂ရက် (တပေါင်းလပြည့်နေ့) နံနက် ၉ နာရီအထိ သံဃာတော်အပါး ၁၂၀ တို့က ၁၀ ရက်တိုင်တိုင် အသံ မစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြ မည်ဖြစ်သည်။

ရေစက်ချအခမ်းအနား

မတ် ၁ ရက် ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၈၁ ပါးနှင့် သီလရှင် ၂၇ ပါးတို့အား ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပမည်ဖြစ်ပြီး မတ် ၂ ရက် နံနက် ၅ နာရီတွင် ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ဆွမ်းတော် ကြီး စုပေါင်းဆက်ကပ်လှူဒါန်း၍ ယင်း နေ့ နံနက် ၉ နာရီခွဲတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချ သာဓု အနုမောဒနာ အခမ်းအနား ကျင်းပမည် ဖြစ်သည်။

ကပ်လှူနိုင်ရန်စီစဉ်ထား

ဆွမ်းဆန်တော် လောင်းလှူပွဲ တွင် ပါဝင်ကုသိုလ် ပြုလိုသူများသည် ဗုဒ္ဓပူဇနိယ ပွဲတော်ကာလအတွင်း ရုံး ပိတ်ရက်များတွင် ဂေါပကအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် နံနက် ၅ နာရီ မှ ၇ နာရီအထိ အများပြည်သူများ လွယ်လင့်တကူ သင့်တင့်သော အလှူ ငွေဖြင့် အသင့်ဆွမ်းတော်ကြီး ကပ်လှူ နိုင်ရန် ဂေါပကအဖွဲ့က စီစဉ်ထား သည်။

(သတင်းစဉ်)

မိဘများ ဖြစ်သော ဦးလွန်း– ဒေါ် သိန်း ခင်၊ အစ်ကို ဦးတိတ် စိန်၊ ခင်ပွန်း ဦးကြီးစွန်၊ သား ဦးဖိုးကောက်တို့အား ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် သမိန်ဗရမ်းလမ်း အမှတ် ၄၆နေ ဒေါ်ကျင်လှမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၂၅၀၀၀၀ ကို မိုးမိတ်အနုနာယက ဆရာတော် ဘဒ္ဒန္တ ဂိနယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိ ဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ–အင်ဒိုနီးရှား နှစ်နိုင်ငံဆက်ဆံမှုတိုးတက်ရေး အကျိုးရှိစွာဆွေးနွေး အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးမှုဆိုင်ရာများ အမြင်ချင်းဖလှယ်

အင်ဒိုနီးရှား သမ္မတ နိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန် ဘန်း ယူဒိုယိုနို နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျကာတာ မြို့ရှိ သမ္မတနန်းတော်၌ လက်ခံတွေ့ဆုံစဉ်။ (နိုင်ငံခြားရေး)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဟာဆန်ဝီရာယုဒ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပထမ အကြိမ် ဝန်ကြီးအဆင့် ပူးတွဲကော်မရှင် အစည်းအဝေးသို့ တက်ရောက်ရန် ယင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ သွားရောက်ခဲ့သည်။

အကျိုးရှိစွာဆွေးနွေး

ပထမအကြိမ် ဝန်ကြီးအဆင့် ပူးတွဲကော်မရှင် အစည်းအဝေးတွင် နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများ အသီးသီးခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များသည်နှစ်နိုင်ငံဆက်ဆံမှု တိုးတက်ရေးအတွက် အကျိုးရှိစွာ ဆွေးနွေးခဲ့ကြသည်။ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည့် ကဏ္ဍများတွင် ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သတ္တုနှင့် စွမ်းအင်တူးဖော်ထုတ်လုပ်ရေး၊ သစ်တော၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ပို့ဆောင်ရေး၊ ပညာရေး၊ လေ့ကျင့်သင်ကြားရေးနှင့် ခရီးသွားလုပ်ငန်းတို့ ဖြစ်သည်။

ပထမအကြိမ် ဝန်ကြီးအဆင့် ပူးတွဲကော်မရှင် အစည်းအဝေးမတိုင်မီ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အရေးကိစ္စရပ်များနှင့် မိမိတို့နိုင်ငံ အသီးသီး၏ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနောက်ဆုံး အခြေအနေများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဂါရဝပြုတွေ့ဆုံ

ထို့နောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များလိုက်ပါလျက် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန် ဘန်းယူဒိုယိုနိုအား သမ္မတနန်းတော်သို့ သွားရောက်၍ ဂါရဝပြု တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ် အဖွဲ့သည် အင်ဒိုနီးရှားသမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ဂျကာတာမြို့ရှိ Four Seasons Hotel၌ ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဂျကာတာမြို့သို့ ရောက်ရှိနေစဉ် ဝန်ကြီးဦးဉာဏ်ဝင်းသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် မြန်မာနိုင်ငံ သံရုံးသို့ သွားရောက်၍ သံအမတ်ကြီးနှင့်သံရုံး ဝန်ထမ်းများအားတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုလေ့လာ

ဝန်ကြီးသည် ဂျကာတာမြို့၌ရှိစဉ် ဖေဖော်ဝါရီ ၁၄ ရက်တွင် လွတ်လပ်ရေး ကျောက်တိုင် Purna bahti Pertini ပြတိုက်နှင့် တိုင်းရင်းသားကျေးရွာ (Taman Mini-II) တို့ကို ကြည့်ရှုလေ့လာကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ယမန်နေ့က ပြန်လည်ရောက်ရှိရာ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် ညွှန်ကြားရေးမှူး ဦးခင်မောင်လင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ယင်းနောက် ဝန်ကြီးသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှုနှင့် စက်ပစ္စည်း ရောက်ရှိမှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား စက်ရုံကို ပွင့်လင်းရာသီတွင် အပြီးတည်ဆောက်ရန် မှာကြားသည်။

ပသိရေအားလျှပ်စစ်စီမံကိန်းတွင် (၁) မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်ရုံ နှစ်လုံး တပ်ဆင်မည်ဖြစ်ရာ စုစုပေါင်းစက်တပ်ဆင်အင်အား(၂)မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ရှစ်သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖြူးမြို့ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေး၊ စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရေယူဥမင်လိုဏ်(အဝင်) တူးဖော်ခြင်းလုပ်ငန်း၊ ရေယူ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ ရေယူဥမင်လိုဏ် (အဝင်) မြေကြီး ကျောက်သားတူးဖော်ခြင်း လုပ်ငန်းမှာ ၉၉ ရာခိုင်နှုန်းနှင့် ရေယူ အဆောက်အအုံ ကွန်ကရစ်လုပ်ငန်းမှာ ၃၆ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ရေထိန်းတံခါးပွင့်

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ရေထိန်းတံခါးပွင့် တည်ဆောက်ခြင်းလုပ်ငန်းသို့ ရောက်ရှိရာ ဝန်ကြီးအား လုပ်ငန်းတာဝန်ခံ ဦးစီးအရာရှိ ဦးကျော်မိုးလှိုင်က ရေထိန်းတံခါးပွင့် တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ရေထိန်း တံခါးပွင့် တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ရေထိန်းတံခါးပွင့် လုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ရေသွယ်ဥမင်လိုဏ်(အဝင်) တူးဖော်ခြင်း လုပ်ငန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းမှ တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထုတ်လုပ်ဖြန့်ဖြူး

ယခုအခါ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းတစ်ခုလုံး၏ ၂၂ ဒသမ ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းပြီးစီးပါက မဂ္ဂါဝပ် ၂၀ အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၀မှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ဆွေးနွေးမှာကြား

ဝန်ကြီးသည် အဆိုပါ စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်းအသီးသီးမှ တာဝန်ရှိသူများအား စီမံကိန်းများကို သတ်မှတ်ကာလထက်စော၍ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အရည်အသွေး ဂရုစိုက်ရေး၊ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းသုံးယာဉ်နှင့် ယန္တရားများကိုစနစ်တကျ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကိုအားသွန်ခွန်စိုက် လုပ်ကိုင်ကြရေးတို့ကို ဆွေးနွေးမှာကြားပြီး စီမံကိန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် ကာယ–ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ပဒေသာအားကစားကွင်း၌ ဖေဖော်ဝါရီ ၂ရက်က ကျင်းပရာ ဆုရကလေးငယ်တစ်ဦးအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက ဆုချီးမြှင့်စဉ်။ (၂၀၀)

အေအိုင်ဒီအက်စ်၊ တီဘီနှင့် နာတာရှည်ရောဂါဝေဒနာရှင်များ ပြည်သူလူထု အခြေပြုစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျင်းပသည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့်အခြား နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု စောင့်ရှောက်မှုပေးသည့် လုပ်ငန်းဆောင်ရွက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဝင်းသူဇာ ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူလူထုအခြေပြု စောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေ

ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က မြို့နယ်အတွင်း ဆောင်ရွက်ချက်များတင်ပြပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်ခင် သက်မြိုင်နှင့် အဖွဲ့ဝင်များက အေအိုင် ဒီအက်စ်၊ တီဘီနှင့်အခြားနာတာရှည် ရောဂါ ဝေဒနာရှင်များအား ပြည်သူ လူထုအခြေပြု စောင့်ရှောက်မှုလုပ်ငန်း များအတွက် အလှူရှင်များလှူဒါန်းကြ သည့် အလှူငွေကျပ် ၁၇၆၀၀၀၀ ကို လက်ခံကြသည်။

ထောက်ပံ့

အခမ်းအနားအပြီးတွင် ရန်ကုန် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းနှင့် အဖွဲ့ဝင် များသည် အမှတ် (၄၆)ရပ်ကွက်သို့ သွားရောက်၍ ရောဂါဝေဒနာရှင်များ နှင့် မိသားစုများအား လိုက်လံအားပေး စကားပြောကြားပြီး ဆေးဝါးများ၊အာဟာ ရ အစားအစာများ၊ ထောက်ပံ့ပစ္စည်း များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ ကြောင်းသတင်းရရှိသည်။ **(ဝဲပုံ) (၄၀၀)**

ဗဟန်းမြို့နယ်ကျောင်းများ ကျန်းမာသောဝန်းကျင်နှင့် ဆေးလိပ်၊ ခြင်ကျား၊ အမှိုက်ကင်းစင်ကျောင်းများအဖြစ် သတ်မှတ်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိကျောင်းများ ကျန်းမာသောပတ်ဝန်းကျင်နှင့် ဆေးလိပ်၊ ခြင်ကျား၊ အမှိုက်ကင်းစင်ကျောင်းများအဖြစ် သတ်မှတ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်၇နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဆေးလိပ်၊ အမှိုက်၊ ခြင်ကျား ကင်းစင်ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းရှေ့၌ အထိမ်းအမှတ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး ကျောင်းကျန်းမာရေးနှင့် ပန်းချီအနုပညာခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပြုလွှာလက်ခံ

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်ဖြစ်စေရေးအတွက် ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်ထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ အစောင် ၁၀၀၀ကို လက်ခံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းကျန်းမာရေးလုပ်ငန်းများအတွက် ဗဟန်းမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများက ငွေကျပ်လေးသိန်းတန်ဖိုးရှိ သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများ၊ သီရိသုခမ္မ မဏိဇောတရ ဦးကိုကိုအေး–ဒေါ်သီသီနိုင် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း(သီရိကုဋေကြွယ်ကုမ္ပဏီ) က ငွေကျပ်၁၀၅၀၀၀၊ **(ဝဲပုံ)**Horizon International Education Center က ငွေကျပ် တစ်သိန်းနှင့် သမားတော်ကြီးဦးကျော်စိန်မိသားစု (ဖြူစင်မေတ္တာဆေးတိုက်) က ငွေကျပ် ငါးသောင်း စုစုပေါင်း အလှူငွေကျပ် ၄၅၅၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက လက်ခံယူပြီး ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းရီထံ ကျောင်းကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သည်။

ဆုချီးမြှင့်

ယင်းနောက် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက 'စင်သုံးစင်' စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာကျောင်းအတွက် ကျောင်းကျန်းမာရေး နံရံကပ်ပိုစတာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးထံ ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းရီက ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ရှေ့ဖုံးမှ

ဆက်လက်၍ စက်ခေါင်းစက်ရုံ(အင်းစိန်) အထွေထွေမန်နေဂျာ ဦးစောဘယ်လင်တိုင်းက မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)၏ နောက်ခံသမိုင်း၊ ရည်မှန်းချက်တာဝန်၊ စက်ရုံ၏ဖွဲ့စည်းမှု၊ စက်ခေါင်းအင်အား၊ စက်ခေါင်းများ ပြုပြင်ခြင်းလုပ်ငန်း၊ ထရက်ရှင်မော်တာ အဆင့်မြင့်ပြုပြင်ရေးဆောင်ရွက်ချက်၊ စက်ခေါင်းများ ပြန်လည်တည်ဆောက်ခြင်း၊ စွမ်းအားမြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ပထမဆုံး အစမှအဆုံး စက်ခေါင်းတည်ဆောက်ပြီးစီးမှု အခြေအနေ၊ စက်ခေါင်းနှင့် တွဲအရန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အားထားစီးနင်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပြည်သူများက လေယာဉ်နှင့်ကားများထက် မီးရထားကို စရိတ်ကုန်ကျမှု သက်သာခြင်း၊ သက်သောင့်သက်သာ စီးနင်းနိုင်ခြင်းတို့ကြောင့် ပိုမိုအားထား စီးနင်းနေကြကြောင်း၊ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံမှ ဝန်ထမ်းများအနေဖြင့် စက်ခေါင်းများကို သတ်မှတ်လျာထားချက်ထက် ပိုမိုပြုပြင်နိုင်မှု၊ အသစ်တည်ဆောက်နိုင်မှုတို့အတွက် ဝမ်းမြောက်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားလည်း အပြည့်အဝပေးထား၍ ပြုပြင်ခြင်း၊ ထုတ်လုပ်ခြင်းတို့ကို ယခုထက် ပိုမိုဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ ရထားစီးခရီးသည်များအတွက် ပိုမိုအဆင်ပြေလာမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဖြုတ်ဆင်ရုံ၌ အသစ်တည်ဆောက်နေသည့် စက်ခေါင်း (New Locomotive) စက်ခေါင်းများ ပြုပြင်နေမှု၊ မြန်မာ့မီးရထားမှ ထုတ်လုပ်သည့် စက်အရန်ပစ္စည်း ၃၅မျိုး၊ ပြင်ပလုပ်ငန်းရှင်များက ထုတ်လုပ်သည့် စက်အရန်ပစ္စည်း အမျိုး၄၀၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သည့် စက်အရန်ပစ္စည်းငါးမျိုး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ထုတ်လုပ်သည့် စက်အရန်ပစ္စည်းနှစ်မျိုးနှင့် ပြင်ပလုပ်ငန်းရှင်များက ထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်း ၃၈မျိုး၊ ပြည်တွင်း၌ ထုတ်လုပ်သော 25 Ton Lifting Jack ကိုလည်းကောင်း၊ ထရက်ရှင်ဌာန(Traction Shop) အမှတ်(၁၇)၌ ထရက်ရှင်မော်တာနှင့် ဂျင်နရေတာများ ပြုပြင်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဥပဒေပညာရပ် ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ကျောင်းသားကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့ပစ္စည်းများ ပေးအပ်ကြစဉ်။ (က–ပ)

အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက်နေ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးကိုကိုအောင်–ဒေါ်တင်တင်ဝင်းမိသားစုက အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို သံဃာ့ဆေးရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ငါးကျွမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ နွေရာသီ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ငါးကျွမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ၏ အဋ္ဌမအကြိမ်မြောက် နွေရာသီ ဗုဒ္ဓယဉ်ကျေးမှုအခြေပြု သင်တန်းကို မတ် ၁၈ ရက် (တန်ခူးလဆန်း ၁ ရက်)မှ ဧပြီ ၈ ရက်(တန်ခူးလပြည့်ကျော် ၇ရက်)အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ပဓာနနာယကဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ [သာသနဓဇ ဓမ္မာစရိယ၊ (Ph.D.) ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်] အမှူးရှိသော ဝန်ဆောင် သံဃာတော်အရှင်သူမြတ်များက ဦးစီးပို့ချသွားမည်ဖြစ်သည်။ သင်တန်းကို အဆင့်လေးဆင့်ခွဲခြားထားပြီး အထူးတန်းအဆင့်ကို အင်္ဂလိပ်ဘာသာဖြင့် ပို့ချသွားမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများသည် ဖေဖော်ဝါရီ၂၄ရက်မှ စတင်ပြီး သင်တန်းသားကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသေးစိတ်အချက်အလက်များ သိရှိလို၍သော်လည်းကောင်း၊ သင်တန်းသား (သာမဏေ/သိက္ခာရှင်)များအတွက် နေ့စဉ်ဆက်ကပ်ရမည့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ရေ၊ မီး၊ ဆေးများ လှူဒါန်းလိုလျှင်သော်လည်းကောင်း၊ ဖုန်း–၅၇၁၃၁၂နှင့် ဖုန်း–၅၆၂၄၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပိဋကဗျူဟာအဖွဲ့ သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပိဋကဗျူဟာ အဖွဲ့ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ရက် (တပေါင်းလဆန်း၉ရက်) စနေနေ့ မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ ပိဋကဝန်ဆောင် ပုဂ္ဂိုလ်များ မပျက်မကွက် ကြွရောက်ရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(၃၅၂)**

မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

ဖဲကြိုးဖြတ်ဖွင့်လှစ်

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမက(၂၅)တို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြွေနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၂–၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	စာမရခြင်း အကြောင်းအရင်း တရားတော် (ဓမ္မဒူတအရှင်ပညိဿရ)
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	မြတ်သောအလှူ
၈:၃၀	Music Gallery (တင်ဆက်သူအကြိုက် တေးသီချင်းများ)
၈:၅၀	ပျော်ရွှင်စရာ မျက်လှည့်ကမ္ဘာ (အပိုင်း–၂)
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	Sunday Talk
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	လေးဖက်နာရောဂါဆိုတာ အပိုင်း(၂) (ဒေါက်တာချစ်စိုး)
၁၀:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၅	Yangon Panorama (ယုဇန–အချစ်ဆုံး VCD မိတ်ဆက်ပွဲ)
၁၁:၀၀	မိုးလေဝသခန့်မှန်းချက်
၁၁:၀၅	**အလျော်အစား** (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ–ကျော်ဇောလင်း)
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ရတနာဈေး
၁၁:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	သွန်းလောင်းသံနည်းပညာ
၁၂:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅	ဆန်စက်ဖွံ့ဖြိုးတိုးပြည်အကျိုး
၁၂:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀	မိကျောင်းမျိုးဆက် မပြုန်းတီးရေး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေး
၁:၀၀	MRTV -4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည၇နာရီအထိတစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion Leauge ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Lille-Man: Utd	5-Sports (Live)
	Real Madrid-Bayern Munich	5-Series (Live)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitre တို့ ပွန်ဂဲ(ခေါ်)ကောက်သစ်စားပွဲတော် အထိမ်းအမှတ် ညစာစားပွဲတွင် ဆီမီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ကြီးမှူးကျင်းပသည့် ပွန်ဂဲ(ခေါ်)ကောက်သစ်စားပွဲတော် အထိမ်းအမှတ် ညစာစားပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) [All Myanmar Tami Hindu Foundation (H.Q)] က ကြီးမှူးကျင်းပသည့် ပွန်ဂဲ(ခေါ်)ကောက်သစ်စားပွဲတော်(Pongal Festival) အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဒူးဇစ်အင်းလျားလိတ်ဟိုတယ် မြက်ခင်းပြင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း တက်ရောက်ချီးမြှင့်ပြီး ဆီမီးတိုင်ထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ မလေးရှားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ မလေးရှားနိုင်ငံ Stevan's Corner Restaurants Group မန်နေဂျင်း ဒါရိုက်တာ Dr. Simon ဦးဆောင်သည့် ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် အလုပ်အမှုဆောင်များ၊ ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် ကော်မတီဝင်များ၊ တမီလ်ဟိန္ဒူ ဘာသာဝင်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က စင်မြင့်ပေါ်ရှိ ဆီမီးတိုင်များကို ဆီမီးထွန်းညှိပေးကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ပန်းကုံးစွပ်ဂါရဝပြု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့အား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က မင်္ဂလာပဝါခြုံ၍ ပန်းကုံးစွပ်ပေးပြီး ဂါရဝပြုသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံသံအမတ်ကြီး H.H. Mr. Bhasker Kumar Mitra အား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းလွင်တို့က မင်္ဂလာပဝါခြုံ၍ ပန်းကုံးစွပ်ပေးပြီး ဂုဏ်ပြုကြသည်။

မင်္ဂလာပဝါခြုံဂုဏ်ပြု

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်အား မင်္ဂလာပဝါခြုံ၍ ဂုဏ်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌက မလေးရှားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ မလေးရှားနိုင်ငံ Stevan's Corner Restaurants Group မန်နေဂျင်း ဒါရိုက်တာ Dr. Simon အား မင်္ဂလာပဝါခြုံ၍ ဂုဏ်ပြုသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က အသက်ရာကျော်တောင်သူလယ်သမားဦးကြီးများ ဖြစ်ကြသည့် ရန်ကုန်တိုင်း သန်လျင်မြို့မှ ဦးစိန်ဝင်းနှင့် ပဲခူးတိုင်း ဝေါမြို့နယ် ကတို့ကျေးရွာ မှ ဦးမရန်းသီးတို့အား မင်္ဂလာပဝါခြုံ၍ ပန်းကုံးစွပ်ပေးပြီး ဂုဏ်ပြုကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ ပွန်ဂဲ(ခေါ်)ကောက်သစ်စားပွဲတော်ကျင်းပရသည့်အကြောင်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)မှ တာဝန်ရှိသူများက မြန်မာဘာသာ၊ တမီလ်ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ရှင်းလင်းပြောကြားကြပြီး တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်ရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

တည်ခင်းဧည့်ခံ

ထို့နောက် တက်ရောက်ကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်နှင့် ညစာသုံးဆောင် အပြီးတွင် မြန်မာနိုင်ငံ တမီလ်ဟိန္ဒူယဉ်ကျေးမှုအဖွဲ့ဝင်များ နှင့် မလေးရှားနိုင်ငံ တမီလ်ဟိန္ဒူယဉ်ကျေးမှု အဖွဲ့ဝင်များက အဆို၊ အက၊ ပဒေသာကပွဲများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

တာမွေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဖွင့်လှစ်သော စေတနာညကျောင်းမှ ကျောင်းသားကျောင်းသူများသို့ သင်္ချာဆရာ ဦးမောင်မောင်တီက သင်္ချာအထူးထုတ် စာအုပ်များကို ဖေဖော်ဝါရီ ၉ ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်က လက်ခံရယူစဉ်။ (က–ပ)

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များ ဆုနှင်းသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်နှင့် ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနရိန္ဒာစာရ ဆရာတော်ကြီးအား နိုင်ငံတော်က ဆက်ကပ်ပူဇော်လှူဒါန်းသည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် အလှူခံရရှိခြင်းအတွက် ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်)နှင့် ကြို့ပင်ကောက်နယ်သူ၊ နယ်သားများစုပေါင်းထပ်ဆင့်ပူဇော်ပွဲနှင့် တိုက်ကျောင်းပါဠိတက္ကသိုလ် ပရိယတ္တိပစ္စယနုဂ္ဂဟအဖွဲ့၏ ပဋ္ဌမအကြိမ်မြောက် ပရိယတ္တိသာသနာ့မာမက စာမေးပွဲစာအောင်သံဃာတော်အရှင်သူမြတ်များ စာအောင်ဆုနှင်းသဘင်ပွဲတို့ကို မတ် ၁၀ရက်တွင် ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

ဆရာတော်ကြီးပူဇော်ပွဲနှင့် စာအောင်သံဃာဆုနှင်းသဘင် အထိမ်းအမှတ်အဖြစ် ဝါရင့်စာပေပညာရှင်များ၏ စာပေဖြင့်ပူဇော်ပွဲကိုလည်း ယင်းနေ့ညပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲသို့ လိုက်ပါပူဇော်လိုသူ အသင်းသူ၊ အသင်းသားများနှင့် လှူဒါန်းလိုသူများသည် ဦးတင်မြင့် ဖုန်း–၆၄၀၂၅၉၊ ၆၄၀၂၆၂၊ ဦးဝမ်းလှိုင် ဖုန်း–၆၆၁၀၇၈ နှင့် ဦးခင်နု ဖုန်း– ၃၇၅၄၀၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် အင်္ဂပူမြို့နယ် ရေလယ်ကျွန်းကျေးရွာ ခမွှင်းကုန်းအခြေခံပညာအလယ်တန်းကျောင်းခန်းမတွင် ရပ်မိရပ်ဖများအား ဆွေးနွေးမှာကြားစဉ်။ (သစ်တောရေးရာ)

အသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သိန်းအောင်သည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် လေးကြီးကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြုပြင်လှူဒါန်းသည့် သာသနာ့ဝုမိကာရီသိမ်တော်ကြီး ရေစက်ချလှူဒါန်းပွဲသို့တက်ရောက်၍ ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလခံယူကာ လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဗဟို အလုပ်အမှုဆောင်သည် နေ့လယ်ပိုင်းတွင် အင်္ဂပူမြို့နယ် တပ်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မူလတန်းကျောင်း ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မဲဇလီကုန်းကျေးရွာ ကံတောရပ် အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်ပြုပြင်ရန် လိုအပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ် ၂၅သိန်း ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဗဟိုအလုပ်အမှုဆောင်သည် ညနေပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တည်ဆောက်နေသော အင်္ဂပူမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဗဟို အလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ၁၈ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ငွေးကုန်းရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်ဟောင်းပြုပြင်နေမှုနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် နောက်မီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပန္နက်ရိုက်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူ–ညောင်ကျိုးလမ်း မမြဲချောင်းကူး ကညင်တပင်တံတားအသစ် တည်ဆောက်မည့် နေရာသို့ ရောက်ရှိပြီး တံတားတည်ဆောက်ရန် ပန္နက်ရိုက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည်မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် ရေလယ်ကျွန်းကျေးရွာ ခမွှင်းကုန်း အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ကျောင်းဆောင်ပြုပြင်ရန် လိုအပ်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် နံကပ်ကြီးအခြေခံပညာ အထက်တန်းကျောင်းခွဲသို့ရောက်ရှိရာ ကျောင်းခန်းမ၌ ရပ်မိရပ်ဖများက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကိုမှာကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက အလှူငွေကျပ် ၁၇သိန်းပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန် ကမ်းနားအလယ် ကမ်းနား အနောက်ရပ်ကွက် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်ပူဇော်မည့် အေးချမ်းအောင်မြင်စေတီတော်မြတ်ကြီး အတွက် အင်းစိန်ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျအိမ်ရာ တိုက်(၇)နေ ဦးစိန်အေး–ဒေါ်မြမြသန်း မိသားစုက ပဓာနနာယက ဆရာတော် ဘန္ဒန္တဇနပတိ (ဓမ္မာစရိယ)ထံ အလှူငွေ ကျပ်နှစ်သိန်းငါးသောင်း ဆက်ကပ်လှူဒါန်းစဉ်။ (၀၄၆)

အာဆီယံ ရေဒီယိုဉာဏ်စမ်း ပဟေဠိပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို အစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအကြောင်း သိကောင်းစရာများ အပတ်စဉ် စနေနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်လျက်ရှိပါသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။ ဖြေဆိုသူများအနက် ပထမဆုကို ဒေါက်တာ ခင်နန်းသီ လားရှိုးမြို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ဒုတိယဆုကိုမလှဌွေးမြင့် ဆိပ်ဖြူမြို့ မကွေးတိုင်း၊ တတိယဆုကို မစန္ဒာစိုးမုံရွာမြို့ စစ်ကိုင်းတိုင်းနှင့် နှစ်သိမ့်ဆုကို မခင်ဆွေမြင့် ကလေးမြို့ စစ်ကိုင်းတိုင်းတို့က အသီးသီးရရှိပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်သည်။

လစဉ်ပထမပတ်တိုင်းတွင် ကျင်းပပြုလုပ်သော အာဆီယံ ဉာဏ်စမ်းပဟေဠိ အစီအစဉ်ကို ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်၊ တိုင်း အသီးသီးမှ ဝါသနာရှင်များ အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်း ဖြေဆိုနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဟောင်ပိတ်သတင်း

ဂျာဗားကျွန်း၌ မြေပြိုမှုများဖြစ်ပွား လူ ၁၂ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေ

ဂျကာတာ ဖေဖော်ဝါရီ ၁၉

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဖေဖော်ဝါရီ ၁၈ရက်က မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၁၂ဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါကျွန်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဆည်မြောင်းစီမံကိန်းတွင်အလုပ်လုပ်နေသော လူရှစ်ဦးသေဆုံးပြီး အခြားနှစ်ဦးပျောက်ဆုံးနေကြောင်း၊ ဂျာဗားအနောက်ပိုင်း၌လည်း တောင်ပြိုကျရာ လူလေးဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာရုံးက သတင်းထုတ်ပြန်ထားသည်။ (အင်တာနက်)

ကြော်ငြာအတွက် မလေးစေသင့်ပါ

တိုင်းရင်းဆေးဝါးများ အနေဖြင့် တွင်တွင်ကျယ်ကျယ် ကြော်ငြာနေကြသည်ကို အများအသိပင်ဖြစ်သည်။ ရုပ်မြင်သံကြား ကြော်ငြာများကို ကြည့်လိုက်လျှင် တစ်ဝက်လောက်က တိုင်းရင်းဆေး ကြော်ငြာများ ဖြစ်သည်။

ဆေးဝါးများအနေဖြင့် လူသားတို့ မကျန်းမာသည့်အခါနှင့် ကျန်းမာစေရန်အတွက် ရောဂါကာကွယ်ရေးတွင် သုံးစွဲရန်အပြင် ရောဂါ ရှာဖွေရာ၌လည်း အသုံးပြုကြောင်း ယခင်ဆောင်းပါးတွင် ဖော်ပြပြီးဖြစ်သည်။

တိုင်းရင်းဆေးဝါးနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရာ၌ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် သို့မဟုတ် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန် တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် ပြည်တွင်းတွင် ဖော်စပ်သည့် ပစ္စည်းဟု ဆိုထားပါသည်။

တိုင်းရင်းဆေးပညာမှာ အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးပညာရပ်ဖြစ်ပြီး ဘုရားရှင်၏ ဒေသနာများကို အခြေခံ၍ ဆေးကုသသော **ဒေသနာနယ**၊ အာယုဗ္ဗေဒ ဆေးပညာကို အခြေခံသည့် **ဘေသဇ္ဇနယ၊** ဇေဒင်နက္ခတ္တပညာကို အခြေခံ၍ ဆေးကုသသော **နက္ခတ္တဇေဒနယ**၊ အဂ္ဂိရတ်ပညာကို အခြေခံ၍ ဆေးကုသသော **ဝိဇ္ဇာဓရနယ** တည်းဟူသော နယကြီးလေးပါးအနက် တစ်ပါးပါးကို အခြေခံထားသော ဆေးပညာ ဖြစ်သည်။

ဆေးဝါးများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှု(safety)၊ အရည်အသွေး ပြည့်ဝမှု (quality)၊ အာနိသင်ရှိမှု (efficacy)တို့ရှိရန် လိုအပ်ပါသည်။ ကနဦးအနေဖြင့် ဆေးဝါးကို သောက်သုံးခြင်းဖြင့် ဘေးအန္တရာယ် မဖြစ်ဖို့က အရေးကြီးဆုံး ဖြစ်သည်။ ဆေးဝါးများကို မှီဝဲသည်ဆိုကတည်းက မကျန်းမာ၍သာ မှီဝဲကြရတာများသည်။ ဆေးအတွက်ကြောင့် ထပ်မလေးသင့်ပါ။

ဒုတိယအချက်အနေဖြင့် ယင်းဆေးဝါးသည် အရည်အသွေးပြည့်မီရမည်။ မလိုလားအပ်သောအရာများ ရောနှောနေခြင်း၊ ဆေးဝါးကုန်ကြမ်းများ စစ်မှန်မှုမရှိခြင်း၊ ဆေးဝါးပြုပြင်ရာတွင် အသုံးပြုသော ပါဝင်ပစ္စည်းများနှင့် စက်ကိရိယာများ မသန့်ရှင်း၊ မစင်ကြယ်ခြင်းများ ရှိပါက လိုအပ်သော အာနိသင်မရရှိနိုင်သည့်အပြင် ဘေးအန္တရာယ်ပင် ရှိလာနိုင်သည်။

နောက်ဆုံးအချက်ဖြစ်သော်လည်း အရေးကြီးသည့်နေရာတွင် အခြားနှစ်ခုထက် မလျော့သောအရာမှာ အာနိသင်ရှိမှုပင် ဖြစ်သည်။ ဆေးဝါးဟု ခေါ်ဆိုနိုင်ရန်မှာ အာနိသင်ရှိဖို့ လိုသည်။ **အာနိသင်မရှိဘဲ စားသုံးရန် သက်သက်ဆိုလျှင် အစားအစာ စာရင်းဝင်သွားမည်။** "ဆေး"ဟု ခေါ်၍မရ။ အလွန်ဆုံး "ဖြည့်စွက်အစားအစာ"(food supplement) သာ ဖြစ်မည်။

တိုင်းရင်းဆေး ပစ္စည်းများ၏ အကျိုးအာနိသင်တွင် ရသ၊ ဝိပါက၊ ဂုဏ်၊ ဝိရိယ၊ ကမ္မ၊ ပဘာဝ ဟု ပါရှိသည်။ ရသဆိုသည်မှာ ပူစပ်ဖန်ခါး အရသာကို ဆိုသည်။ ဝိပါကမှာ ကျေကျက်ပြီးမှ ဖြစ်လာသော အကျိုးသွားကို ဆိုသည်။ ဂုဏ်ဆိုသည်မှာ ထက်မြက်သော တိက္ခဂုဏ်၊ နုံ့သော မန္ဒဂုဏ်၊ စေးပြစ်သော သိနိဒ္ဓဂုဏ်၊ လေးသော ဂရုဂုဏ်၊ ပေါ့သော လဟုဂုဏ်များကို ဆိုသည်။ ဝိရိယမှာ ဆေးပစ္စည်းရှိ ဓာတ်တရားတို့ကို ခွဲခြား၍ ကြံစည်ပြီး သိနိုင်သော သတ္တိမျိုးကို ဆိုသည်။ ကမ္မမှာ ဆေးပစ္စည်း၏ လုပ်ဆောင်ချက်ဖြစ်သည်။ ယင်းငါးခုမှာ အထင်ကရ တင်ပြ၍ရသော်လည်း ပဘာဝမှာ သက်သေပြရန် ခဲယဉ်းသော သတ္တိဖြစ်သည်။ ဆေးပစ္စည်းရှိ ဓာတ်တရားတို့ကို ခွဲခြား၍ ကြံစည်သော်လည်း မသိနိုင်သော သတ္တိမျိုးဖြစ်သည်။ အကျိုးသွား ရှိသော်လည်း သက်သေပြ၍ မရပါ။ သိပ္ပံနည်းကျ သက်သေထူရန် ခက်ခဲသောအပိုင်း ဖြစ်ပါသည်။

တိုင်းရင်းဆေးများ၏ အာနိသင်များကို ဖော်ကျူးရာ၌ လွန်ကျူးလွန်းလှသည်ဟု ဆိုရမည်။ **အာနိသင်က တစ်ရာ နှစ်ရာ၊ ဆေးအမယ်က တစ်ပင်တည်း**ဟု ဆိုရမလို။ ပျောက်ကင်းသော ရောဂါများကို ကြေညာရာ၌ လောဘကြီးကြသည်။ ဆေးအမယ်တစ်မျိုးတွင် အာနိသင် တစ်မျိုးရှိသည်ထားဦး၊ ဆေးအမယ် ငါးဆယ် စုဖော်ထားသော ဆေးဖုံသည် အာနိသင် အမျိုးငါးဆယ် ရောဂါပေါင်း ငါးဆယ်အတွက် ကောင်းမည်ဟု ဆိုနိုင်ပါမည်လား။ မည်သို့ပင်ဆိုစေ ၉၆ ပါးရောဂါ ပျောက်တယ်ဆိုတဲ့ ဆေးဖုံတွေက ဒုနဲ့ဒေး။

သို့ဖြစ်၍ အာနိသင်ကို တတ်နိုင်သ၍ အထောက်အထား အခြေခံ (evidence based)ဖြစ်ဖို့ လိုလာသည်။ ဤတွင် သိပ္ပံနည်းပညာအရ သုတေသနပြု၍ တိရစ္ဆာန်များဖြင့် ကနဦး စမ်းသပ်ရသည်။ ထို့နောက် လူကောင်းများအပေါ်တွင် စမ်းသပ်ပြီးမှ လူနာများအပေါ်တွင် သုတေသနပြုရသည်။ ဤတွင် ကျင့်ဝတ်(ethics)နှင့် ညီညွတ်မှုရှိရန် လိုအပ်လာသည်။

သုံးစွဲမြဲ တိုင်းရင်းဆေးများကို တိုင်းရင်းဆေးဆရာများက လူနာများကို တိုက်ကျွေးကုသလျှင် ကျင့်ဝတ်နှင့်ညီသည်။ ယင်းဆေးများကိုပင် သိပ္ပံပညာရှင်နှင့် ဆရာဝန်များက တိုက်ကျွေး၍ သုတေသနပြုလျှင် ကျင့်ဝတ်နှင့် ညီမည်မဟုတ်။

ကြော်ငြာခြင်းဆိုသည်မှာ တိုင်းရင်းဆေးဝါးများ တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် တစ်နည်းနည်းဖြင့် အများသိရှိအောင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်ဟု တိုင်းရင်းဆေးဝါးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ယင်းဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးများကိုသာ ကြော်ငြာနိုင်သည်။ ကြော်ငြာရာ၌လည်း ဖော်ပြထားသည့် အကြောင်းအရာများအားလုံး မှန်ကန်မှုရှိနေရမည်။ ထင်ယောင်ထင်မှား ဖြစ်စေခြင်းမျိုးလည်း မရှိစေရ။ လူအများ အဓိပ္ပာယ်ကောက်လွဲနိုင်သည့် အသုံးအနှုန်းများ၊ နားမလည်နိုင်သော အသိပညာဆိုင်ရာ ဝေါဟာရများ သုံးနှုန်းခြင်းကို ခွင့်မပြုပါ။ ယင်းအပြင် တိုင်းရင်းဆေးဝါးများကို လွဲမှားစွာ သုံးစွဲစေမည့် ကြော်ငြာခြင်းမျိုးကိုလည်း တားမြစ်ထားပါသည်။

ကြော်ငြာရာ၌ ဆေးဝါးနှစ်ခု နှိုင်းယှဉ်၍ ဖော်ပြခြင်းမျိုးကို ရှောင်ရပါမည်။ ဝေဒနာခံစားနေရသော လူနာ၏ ရုပ်ပုံများ၊ ရေးသားချက်များ၊ ထောက်ခံချက်များ၊ ရည်ညွှန်းချက်များဖော်ပြ၍ ကြော်ငြာခြင်းကို လက်မခံပါ။

ရှေးယခင်က တွေ့ရှိဖူးသော ဆေးမစားမီပုံ၊ ဆေးစားပြီးပုံ ဟူ၍ နှိုင်းယှဉ်ဖော်ပြသည့် ပုံစံမျိုးများကိုလည်း ယခုအခါ ခွင့်မပြုတော့ပါ။

ထို့အပြင် တိုင်းရင်းဆေးသမားတော်များ၊ အခြားထင်ရှားသော ပုဂ္ဂိုလ်များ၊ ဌာနများ၊ ဓာတ်ခွဲခန်းများမှ ထောက်ခံချက်များကို ဖော်ပြ၍လည်းကောင်း၊ ကိုးကား၍လည်းကောင်း ကြော်ငြာလို့မရပါ။

မြတ်မိုး (တိုင်းရင်းဆေး)

စာပေသင်ကြားခြင်း၊ အားကစား လှုပ်ရှားခြင်းတို့ကို ညွှန်း၍ ထင်ယောင်ထင်မှား ဖြစ်စေသောနည်းဖြင့် ကြော်ငြာခြင်းမျိုးကို ခွင့်မပြုပါ။

ယင်းအပြင် တိုင်းရင်းဆေးဝါးကို စမ်းသပ်သုံးစွဲကြည့်ဖို့ အာမခံချက်ဖြင့် ကြော်ငြာခြင်းမျိုးကိုလည်း တားမြစ်ထားပါသည်။

နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်၊ သာသနာဆိုင်ရာ အထိမ်းအမှတ်တံဆိပ်များ၊ အခေါ်အဝေါ် အသုံးအနှုန်းများနှင့် ရုပ်ပုံကားချပ်များ အသုံးပြုခြင်းကိုလည်း ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ဆေးဝါးများကို နမူနာပေး၍ ဖြစ်စေ၊ ငွေကြေး လက်ဆောင်ပစ္စည်းပေး၍ ဖြစ်စေ၊ ကံစမ်းမဲထည့်၍ ကံထူးရှင် ရွေးချယ်ပွဲမျိုးလုပ်၍ ဖြစ်စေ ကြော်ငြာခွင့် မပြုကြောင်းတို့ကို ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၃၀ရက်တွင် ထုတ်ပြန်ထားသော ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်(၆/၉၆)တွင် အတိအလင်း ဖော်ပြထားပါသည်။

တိုင်းရင်းဆေးကြော်ငြာများကို လေ့လာမိသမျှ ဖော်ပြပါမည်။ ပေါင်ဒါဘူးထဲ ထည့်လို့ရတာမျိုး၊ မိတ်ကပ်အဖြစ် သုံးလို့ရတာမျိုး၊ ဘာရောဂါကိုဖြင့် ကာကွယ်နိုင်တာမျိုး၊ များများစားလေ ကောင်းလေဆိုတာမျိုး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ အချိန်အခါမရွေး သောက်သုံးနိုင်သည် ဆိုတာမျိုး၊ ပွဲတွေ့ဒိဋ္ဌပျောက် အမြစ်ပြတ်တာမျိုး၊ တစ်ခါသုံးရုံနဲ့ အကြိမ်ကြိမ် အစွမ်းပြတာမျိုး၊ ဘာပဲစားစား စားချင်တာစားဆိုတာမျိုး စသည့် စသည့် အသုံးအနှုန်းများကို ကြုံဖူးကြပေမည်။ ယင်းတို့မှာ ပုံကြီးချဲ့ အလွန်အကြူး ဖွဲ့ဆိုခြင်း၊ အထင်အမြင် လွဲမှားစေခြင်း၊ မိမိဆေးကို များများသုံးစွဲစေခြင်း၊ အာနိသင်ကို ပိုပိုမိုမို ဖော်ပြခြင်းတို့ ဖြစ်သည်။

ဆေးညွှန်းများတွင် ရေးချင်သလို ရေးထားခြင်းသည်လည်း သောက်သုံးသူ လူအများ ဖတ်ရှုကြရသဖြင့် ကြော်ငြာခြင်းတစ်မျိုးဟု ဆိုနိုင်ပါသည်။ တချို့ဆိုလျှင် ရာဇဝင်နှင့်ချီ၍ ရေးကြသည်။ ရှေးရှင်ဘုရင်များ ခေတ်အဆက်ဆက်က သုံးစွဲခဲ့သော **မဟာဆေးတော်ကြီး**ဖြစ်ကြောင်း၊ မည်သည့်ခေတ် လက်ထက်က ထီးသုဉ်း၊ နန်းသုဉ်း၊ ကြငှန်းသုဉ်းဖြစ်၍ မည်သို့လက်ဆင့်ကမ်းလာခဲ့ရပုံကအစ ဖော်ပြပြီး မည်မျှအစွမ်းထက်ကြောင်းကို စာဖွဲ့တတ်ကြသည်။

မမြင်ရသောခေတ်၊ မကြုံဖူးသောအဖြစ်၊ လက်လှမ်းမမီသော သနစ်တို့ဖြင့် ဟန့်ကြသည်။

ရေးထားလိုက်သည့် အစွမ်းအာနိသင်များကလည်း မယုံလျှင်ပုံပြင်မှတ်ရမလို ဖြစ်သည်။ တချို့ဆို ဘယ်လိုမှ ဆက်စပ်လို့မရသော အာနိသင်တွေကို စုစုစည်းစည်း တွေ့ရသည်။ အာမခံချက် ပေးထားသည့် အရေးအသားမျိုးကလည်း မရှားပါ။ ထူးရှယ်တို့၊ ဒိဋ္ဌပျောက် အမြစ်ပြတ်၊ ပွဲတွေ့၊ လက်တွေ့တွေလည်း တစ်ပုံတစ်ပင်။

ပါဝင်သော ဆေးအမယ်များတွင်လည်း ရှားပေ့၊ ဈေးကြီးပေ့ ဆိုတာတွေက ပါတတ်သည်။ မူလဆေးဖုံ ဖော်မြူလာမှာ ပါနေ၍ ထည့်ရသော်လည်း အမှန်တကယ် မထည့်ထားလျှင် ဖော်ပြဖို့မသင့်။ တချို့ ဆေးပင်များက ရှားမှရှား၊ ကြံ့သွေး၊ စပါးကြီးသည်းခြေ၊ ကတိုး၊ ကုံကုမံ စသည် စသည်များ။ ရှားတော့ မထည့်သည့်အခါလည်း မထည့်၊ အစားထိုးသည့်အခါလည်း ထိုးလုပ်တတ်ကြသည်။

ဤသို့ဤနယ် ဆေးညွှန်းများဖြင့်လည်း ကြော် ညာသလိုဖြစ်သည်။ ဆေးညွှန်းများကြောင့်လည်း လေးနိုင်သည်။

ဆေးအမှတ်တံဆိပ်တွင် ဖော်ပြထားချက်များသည်လည်း ကြော်ငြာခြင်း တစ်မျိုးပင်။ ထို့ကြောင့် အမှတ်တံဆိပ် စည်းကမ်းများအပြင် ကြော်ငြာစည်းကမ်းချက်များကိုလည်း လိုက်နာဖို့ လိုသည်။ အမှတ်တံဆိပ်ပါ ရုပ်ပုံများ၊ စာသားများသည် တိကျမှန်ကန်ဖို့ ထင်ယောင် ထင်မှားမဖြစ်ဖို့ လိုအပ်သည်။ ဥပမာ နာမည်ကြီး တခြားဆေးတစ်မျိုးနှင့် ဆင်တူနေလျှင် ထင်ယောင်ထင်မှား ဖြစ်နိုင်သည်။

နောက်ဆုံးတစ်ချက်အနေဖြင့် ကြော်ငြာဆန်သော ဖော်ပြချက်တစ်ခုကျန်ရှိပါသေးသည်။ ဤသည်မှာ ဆေးအမည် ဖြစ်သည်။ တိုင်းရင်းဆေးသစ်တစ်ခုကို အမည်ပေး ကင်ပွန်းတပ်ရာ၌ ဂုဏ်ပုဒ်များ၊ အာနိသင်များကို ဖော်ပြတတ်ကြသည်။ တစ်ခုမဟုတ် များလို့ရလျှင် များများဖော်ပြချင်ကြသည်။ အသံကောင်း၊ ရုပ်လှဆေး၊ ဦးနှောက်ကြည်လန်းဆန်းဆေး၊ မျက်စိကြည် အကြောလျော့ဆေး၊ အစာကြေ အားတိုးဆေး၊ ရုပ်ပျိုကိုယ်နု အသားလှဆေး စသည်စသည်တို့ ဖြစ်သည်။ ဤသို့ အမည်ပေး ကင်ပွန်းတပ်ကြရာမှာလည်း မှန်ကန်ဖို့ အထင်အမြင်မလွဲမှားစေဖို့ ကြော်ငြာစည်းကမ်းချက်အတိုင်း လိုက်နာဖို့လည်း လိုလိမ့်မည်။ အမည်တွင် ဖော်ပြထားသော အာနိသင်မရှိဘဲ အမည်ပေးခြင်းသည် လိမ်ညာခြင်းမည်သည်။ မည်သို့မျှ ဆက်စပ်၍ မရသော အာနိသင်များကို ရော၍ အမည်ပေးခြင်းကိုလည်း ရှောင်သင့်သည်။ ဥပမာ–အသံကောင်း ဆီးရွှင်ဆေး။

ဆေးဝါးထုတ်လုပ်ရေး စက်ရုံတွင်း လျှပ်တစ်ပြက်ရိုက်ချက်များ၊ အင်တာဗျူးများသည်လည်း အဆိုပါစက်ရုံကို ကြော်ငြာပေးရာ ရောက်သည်။ ISO / HACCP/ GMP စသည့် ဘာသာခြား အက္ခရာစာလုံးများဖြင့် လူတကာကို အထင်ကြီးစေခြင်းသည်လည်း ကြော်ငြာခြင်းတစ်မျိုးပင် ဖြစ်သည်။

ဆေးအာနိသင်များ ဖော်ပြရာ၌ ယခုခေတ်တွင် သိပ္ပံဝေါဟာရများ၊ အနောက်တိုင်း ဆေးပညာဝေါဟာရများကို အသုံးပြုလာကြသည်ကို တွေ့နေရသည်။ antioxidant ဓာတ်တိုးဆန့်ကျင်ပစ္စည်း CD 4 count ဘီပိုး၊ စီပိုး စသည်ဖြင့် ဖြစ်သည်။ ယင်းသို့ အနောက်တိုင်း ဆေးပညာ ဝေါဟာရများကို သုံးလျှင်ပို၍ သတိထားရမည်။

တိုင်းရင်းဆေးများ ကြော်ငြာရာမှာ တိုင်းရင်းဆေးပညာ အခေါ်အဝေါ် ရောဂါအမည်များဖြင့် ပျောက်ကင်းကြောင်း၊ သက်သာကြောင်း၊ ကြော်ငြာလျှင် ပြဿနာမရှိ။ အနောက်တိုင်းဆေးပညာ အခေါ်အဝေါ် ရောဂါ အမျိုးအမည်များ ဥပမာ–တီဘီ၊ ဂေါက်၊ ငှက်ဖျား၊ အေအိုင်ဒီအက်စ် တို့အပြင် အနောက်တိုင်းဆေးပညာ ရောဂါဖြစ်ပျက်မှုများ ကြားဖူးနားဝ နှလုံးသွေးကြောကျဉ်း၊ အသည်းအဆီဖုံး၊ သွေးချို ဆီးချို စသည်ဖြင့် ပျောက်ကင်းကြောင်း ဖော်ပြလျှင်တော့ အထောက်အထား အခြေခံ (evidence based) ဖြစ်ဖို့လိုသည်။ ကိုလက်စထရော အဆီကျသည် ဟုလည်း တွင်တွင်ကျယ်ကျယ် သုံးလာကြသည်။ အထောက်အထားပြနိုင်ဖို့ လိုသည်။ အနောက်တိုင်းဆေးပညာ၏ ရောဂါရှာဖွေရေးတွင် အသုံးပြုလျက်ရှိသော parameter အတိုင်းအတာများ ဖြစ်သည့် CD 4 count ဘီပိုး၊ စီပိုး၊ အိပ်ချ်အိုင်ဗွီ၊ ASO titre စသည်ဖြင့် အသုံးပြုကြသည်ကိုလည်း တွေ့ရသည်။

တိုင်းရင်းဆေးဖြင့်ကုပြီး အနောက်တိုင်းဆေးများ၏ ရောဂါရှာဖွေရေးနည်းများ အသုံးပြုခြင်းကိုတော့ အထိုက်အလျောက် လက်ခံသင့်သော်လည်း ယင်းအတိုင်းအတာနည်းများဖြင့် ထည့်သွင်းကြော်ငြာခြင်းမျိုးကိုမူ ကန့်သတ်သင့်သည်ဟု သဘောရရှိပါသည်။ သို့မဟုတ်ပါက ကြော်ငြာကြောင့် လေးနိုင်ပါသည်။

ဆေးအတွက်လေးဟု ဆိုရိုးရှိပါသည်။ ကြော်ငြာအတွက် မလေးမှသာ ဆေးအတွက် အလေးလျော့ပေမည်။ ကြော်ငြာအတွက် မလေးစေသင့်ပါ။ ။

ကြော်ငြာခြင်းဆိုသည်မှာ တိုင်းရင်းဆေးဝါးများ တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် တစ်နည်းနည်းဖြင့် အများသိရှိအောင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်ဟု တိုင်းရင်းဆေးဝါးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထား။

ကျောက်တန်းမြို့ ကျက်သရေဆောင် ကျိုက်မှော်ဝန်းရေလယ်စေတီ ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့၏ ကျက်သရေဆောင် ဆုတောင်းပြည့်ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး(အပေါ်ပုံ)**၏ (၉၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ၂၃ရက်မှ မတ်၃ရက်အထိ ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားသည်။**

တပေါင်းလဆန်း ၈ရက် (ဖေဖော်ဝါရီ၂၃ရက်) နံနက် ၈နာရီ၌ ဗုဒ္ဓပူဇနိယပွဲတော်မုခ်ဦးတွင် ဖွင့်ပွဲအခမ်းအနား ကျင်းပပြီး ဓမ္မပူဇာအဖြစ် ထိုနေ့ညမှ လဆန်း ၁၀ ရက်ညအထိ အရှင်သုရဓမ္မ (သာသနတက္ကသီလ-မဟာဓမ္မာစရိယ)၊ အရှင်ဂုဏိန္ဒ(သာသနဓဇ ဓမ္မာစရိယ)၊ အရှင်ဝိလာသ (ဂန္ထဝါစက ပဏ္ဍိတ) ဆရာတော်တို့က တရားတော်များ ဟောကြားပြီး လဆန်း ၁၁ ရက်မှ ၁၅ ရက်အထိ မဟာပဋ္ဌာန်းဒေသနာတော်များကို သံဃာတော်အရှင်သူမြတ်အပါး ၃၀ တို့က အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည် ဖြစ်သည်။

လောင်းလှူကြမည်

ဓမ္မပူဇာအဖြစ် (တပေါင်းလပြည့်နေ့) အရုဏ်တွင် စေတီတော်မြတ်အား အနေကဇာတင်နှင့် ဆွမ်းတော်ကြီးတင်လှူပူဇော်ခြင်း၊ သံဃပူဇာအဖြစ် အရပ်ရပ်မှ ဘုရားဖူးဧပါရမီရှင်များ၏ လှူဒါန်းငွေများဖြင့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် မွန်းလွဲ ၁နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၁၅၇ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် ငွေပဒေသာပင်များ လောင်းလှူကြမည်ဖြစ်သည်။

ဆီမီးမျှောပူဇော်

တပေါင်းလပြည့် ညနေ ၆နာရီတွင် ကျိုက်မှော်ဝန်း ရေလယ် စေတီတော်မြတ်အား ဒုတိယအကြိမ် ဆီမီးမျှောပူဇော်ပြီး ရုပ်သေးဖြင့် ဧည့်ခံဖျော်ဖြေရန် စီစဉ်ထားကြောင်း သိရသည်။

(၁၀၉)

မီးသတ်လုပ်ငန်းစွမ်းရည် တိုးတက်ရေးဆောင်ရွက် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ကျရာကဏ္ဍမှကြိုးစား

ရန်ကုန် ဖေဖော်ဝါရီ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသော မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

မှာကြား

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသကဲ့သို့ မီးသတ်စခန်းများ အဆင့်မီရေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စိတ်ဓာတ်နှင့် စည်းကမ်းအပြင် မီးသတ်လုပ်ငန်းစွမ်းရည် တိုးတက်ရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးရေးလုပ်ငန်းများကို စီမံချက်နှင့် အညီဆောင်ရွက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များ အဆင်သင့်ဖြစ်ရေး စနစ်တကျ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ကျရာကဏ္ဍမှ ကြိုးစား ဆောင်ရွက်သွားကြပြီး နိုင်ငံတော်တိုးတက်ရေး အတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြပြီး ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ပြည်နယ်၊တိုင်း မီးသတ်ဦးစီးဌာနမှူးများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင် ဝန်ကြီးသည် ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် လေ့ကျင့်ရေးဌာနများတွင် လေ့ကျင့်သင်ကြားရေးအတွက် ဓာတ်ခွဲခန်း၌ အသုံးပြုမည့် ဓာတ်ခွဲခန်းသုံး ဆက်စပ်ပစ္စည်းများ၊ မီးသတ်ဦးစီးဌာန အင်ဂျင်နီယာအရာရှိများ တီထွင် တည်ဆောက်ထားသော လက်တွန်းထွန်စက် (ထော်လာဂျီမီးသတ်ယာဉ်)နှင့် မီးသတ် ရေပက်ပန့်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အမှတ်(၂၀၇) သူရ ၉လမ်း(၉)ရပ်ကွက် တောင်ဥက္ကလာပ နေ ဖခင်ဦးအင်းဟုတ်၊ မိခင်ဒေါ်သန်းဆင့်၊ အစ်ကိုကြီး ဦးဌေးကျော်၊ညီမလေး မဆွေဆွေလှိုင်၊ ညီလေး မောင်ဟန်ထွန်းအောင် မိသားစုက မောင်သောင်းတန်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်၁၀သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ(ကိုယ်စား)အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (က-ပ)

ဇေယျမင်္ဂလာကျောင်းတိုက် တရားပွဲ

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးရပ်ကွက် ဇေယျမင်္ဂလာကျောင်းတိုက်၌ မရမ်းကုန်းမြို့နယ် သာသနာ့အောင်မြေ စာသင်တိုက် နာယက ဆရာတော်ဘဒ္ဒန္တ ဇယဝံသ (သာသနဓဇ ဓမ္မာစရိယ) ဆရာတော် အာစာရ(ဓမ္မာစရိယ M.A)၊ ဆရာတော် ခေမာစာရ(တက္ကသီလ ဓမ္မာစရိယ)တို့က ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၈ရက်အထိ ယဉ်ကျေးလိမ္မာ ကလေးတရားစခန်းပွဲ ကျင်းပမည် ဖြစ်ရာ ဖုန်း-၀၁-၆၅၀၂၆၅ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကာမိုင်း မြို့မဈေး သန့်ရှင်းရေးပြုလုပ်

ကချင်ပြည်နယ် ကာမိုင်းမြို့ မြို့မဈေးအတွင်း ဇန်နဝါရီ ၃၀ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူဈေးသားများ စုပေါင်း၍ ရေမြောင်းရှင်းလင်းခြင်း၊ အမှိုက်သရိုက် သိမ်းဆည်း သန့်ရှင်းခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အနာကြီးရောဂါ ကင်းဝေးရေးနေ့ အခမ်းအနားကျင်းပ

မြန်မာနိုင်ငံ အနာကြီးရောဂါ ကင်းဝေးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပရာ အခမ်းအနားတွင် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ပေးပို့သော သဝဏ်လွှာကို တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်က ဖတ်ကြားပြီး ၎င်းနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ် ချီးမြှင့်ခဲ့ကြသည်။

သွားနှင့်ခံတွင်းရောဂါ စစ်ဆေးကုသ

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးမှ သွားနှင့်ခံတွင်းအထူးကု ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ဦး ခေါင်းဆောင်သည့် သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် သူနာပြုများသည် ဇန်နဝါရီ ၂၅ ရက်က ကျောက်ဆည်မြို့ ရွှေစေတီ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားတို့အား သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးကုသပေးခဲ့ကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ပေါင်မြို့အထကတွင် ကျပန်းစကားပြောပြိုင်

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၁၇ ရက်က ပေါင်မြို့ အထက ရွှေရတုခန်းမတွင်ကျင်းပရာ ပထမဆုကို ဇင်းကျိုက် အထက၊ ဒုတိယဆုကို ရင်းငြိမ် အထက၊ တတိယဆုကို သဲကုန်း အလက တို့က ရရှိခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

နောင်တရား၌ စိုက်ပျိုးရေးတာဝန်ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ်၏ ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ရွှေရင်အေးစပါးနှင့် ခြံစည်းရိုး ကြက်ဆူပင် လျာထားချက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ၆ရက်က မြို့နယ်အစည်း အဝေးခန်းမ၌ကျင်းပရာ ရွှေရင်အေးစပါးကို သတ်မှတ်စိုက် ဧကထက် ကျော်လွန်ရန်နှင့် ခြံစည်းရိုးကြက်ဆူပင်ကို ၅၆၀၂ ဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြီး စိုက်ပျိုးရေးတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း (၅၅) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် ဝန်ကြီးဌာန ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ရန်ကုန်မြို့ အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ပညာရည်ချွန် ဆုချီးမြှင့်

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် တောင်ပုံကျေးရွာ အခြေခံပညာမူလတန်း ကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းထွေးက အမှာစကားပြောကြားပြီး အတန်းလိုက်ထူးချွန်ဆု၊ အားကစား ထူးချွန်ဆုနှင့် စာရိတ္တမောင်မယ်များအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြသည်။

ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပ

မကွေးတိုင်း မင်းတုန်းမြို့နယ် သမိုင်းဝင် ဘုရားကြီး သုံးဆူ ဂေါပကအဖွဲ့ကကြီးမှူး၍ဇန်နဝါရီ ၂၈ရက်က ဆွမ်းဆန်တော် လောင်းလှူပွဲ ကို အမှတ်(၂) ရပ်ကွက် ဘုရားကြီးဓမ္မာရုံတွင် ကျင်းပရာ အလှူရှင်များက သံဃာတော်၃၂ပါးနှင့် သီလရှင် ၂၅ပါးတို့အား ဆွမ်းဆန်တော် နှင့် အခြားလှူဖွယ် ပစ္စည်းများ ကို လောင်းလှူခဲ့ကြောင်း သိရသည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေနှင့် ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်တို့သည် ဖေဖော်ဝါရီ ၅ ရက်က ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ မင်းဂျမ်းကျေးရွာ ပညာတံခွန်စာကြည့်တိုက်၊ ကျခန်းဒတ်ကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက်၊ အောင်မြေကျေးရွာ သုတစွယ်စုံစာကြည့်တိုက်များသို့ သွားရောက်စစ်ဆေးပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေးခဲ့ကြောင်း သိရသည်။

တောင်ပိုကြီးကျေးရွာ၌ စက်ရေတွင်းဖွင့်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ပိုကြီး ကျေးရွာတွင် နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ စက်ရေတွင်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးနေလင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

စာပေဖြင့် အသိပညာတိုးပွားရေး ဟောပြောဆွေးနွေး

ရေဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးသည် ဇန်နဝါရီ၁၁ ရက်က ငပုတောမြို့နယ်အတွင်းရှိ သင်္ကန်းကုန်းကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၊ အထက်ပြွန်ကျေးရွာ အလင်းသစ်စာကြည့်တိုက်၊ မန်ကျည်းပင်ကျေးရွာ ပညာတံခွန်စာကြည့်တိုက်နှင့် ဟိုင်းကြီးကျွန်းမြို့ရှိ ဇီးချိုင်ကျေးရွာ နေလုံးနီစာကြည့်တိုက်တို့သို့ သွားရောက်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာပေဖြင့် အသိပညာတိုးပွားရေး ဟောပြော ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာတစ်လွှား အားကစား

စီးရီးအေချန်ပီယံ အင်တာမီလန်လား

ကိုးကားတင်ပြသူ – မြင့်မောင်စိုး

မီလန် ဖေဖော်ဝါရီ ၁၉

အီတလီစီးရီးအေတွင် အအောင်မြင်ဆုံးအသင်းကို ပြပါဆိုလျှင် အင်တာမီလန်အသင်းဖြစ်ကြောင်း ညွှန်းဆိုချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် အင်တာမီလန်အသင်းသည် ယခုနှစ် ဘောလုံးရာသီ စီးရီးအေဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ပွဲပေါင်း ၂၃ပွဲ ကစားအပြီး တစ်ပွဲမျှ အရှုံးမရှိဘဲ အမှတ်ပေးဇယားကို အခြားပြိုင်ဘက်အသင်းများထက် ၁၄ မှတ်အသာရထားခြင်းကြောင့်ပင် ဖြစ်သည်။

ယမန်နှစ် ဘောလုံးရာသီက လုပ်ပွဲများ ကစားရာတွင် ပါဝင်ခဲ့သည့် ဂျူဗင်းတပ်စ်၊ အေစီမီလန်၊ လာဇီယိုနှင့် ဖီအိုရင်တီးနားအသင်းတို့ ဂုဏ်သတင်း မှေးမှိန်ခဲ့ရချိန်တွင် အင်တာမီလန်၏ အလင်းရောင်သည် တဖြည်းဖြည်း တောက်ပ လင်းလက်လာခဲ့သည်။

ထို့အပြင် လုပ်ပွဲကစားခဲ့မှုကြောင့် ဂျူဗင်းတပ်စ် ပြန်အပ်သည့်ဖလားကိုပါ အင်တာမီလန်တို့ရခဲ့၍ လက်ရှိ ချန်ပီယံ အဖြစ် သရဖူဆောင်းနိုင်ခဲ့သည်။ ယင်းချန်ပီယံ ဖလားကပင် အင်တာမီလန်တို့ တွန်းအားဖြစ်စေခဲ့သလား မသိ။ တစ်ပွဲပြီးတစ်ပွဲ အောင်ပွဲဆက်နိုင်ခဲ့သည်။

အင်တာမီလန်တို့ ဖေဖော်ဝါရီ ၁၇ရက်က ပွဲစဉ်(၂၃) ယှဉ်ပြိုင်ကစားအပြီး ပွဲ ၂၀ အနိုင်ရထားသည်။ ယခုနှစ် စီးရီးအေ ဘောလုံးရာသီတွင် အင်တာမီလန်တို့ တစ်ပွဲမျှ အရှုံးမရှိသေးဘဲ သုံးပွဲသာ သရေပွဲကြုံခဲ့သည်။

ပိုင်ဆိုင်ထား

အဆိုပါကာလအတွင်း အင်တာမီလန်တို့ ၄၉ ဂိုး သွင်းယူခဲ့ပြီး ၁၇ ဂိုးသာ ပြန်အသွင်းခံခဲ့ရသည်။ ဖေဖော်ဝါရီ ၁၇ ရက် ပွဲစဉ်(၂၃)အပြီး အင်တာမီလန်တို့ ရမှတ် ၆၃ မှတ် ပိုင်ဆိုင်ထားပြီ ဖြစ်သည်။

အမှတ်ပေးဇယား ဒုတိယနေရာမှ လိုက်နေသည့် ရိုးမား က ၄၉ မှတ်၊ တတိယနေရာမှ ပါလာမိုက ၄၂ မှတ်၊ နာမည်ကြီး အေစီမီလန်က ၃၃ မှတ်၊ လာဇီယိုက ၃၁ မှတ် ရထားသည်။

အင်တာမီလန်နှင့် ဒုတိယနေရာမှ ရိုးမားတို့၏ ရမှတ်ကို ခြားနားခြင်း ရှာလိုက်တော့ ၁၄ မှတ် အဖြေထွက်နေသည်။ ယင်း၁၄မှတ်ကို ပြိုင်ဘက်အသင်းများ အမီလိုက်ရန် မလွယ်တော့ပေ။ စီးရီးအေပြိုင်ပွဲကစားရန် နောက်ထပ် ၁၅ ပွဲသာ ကျန်တော့သည်။ အင်တာမီလန်တို့ ချန်ပီယံဖြစ်ဖို့ မဝေးတော့ပြီ။ မကြာမီ ကာလအတွင်း အင်တာမီလန်တို့ စီးရီးအေ ချန်ပီယံဖြစ်ပြီလို့ ကြွေးကြော်နိုင်တော့မည် ဖြစ်သည်။

အင်တာမီလန်အသင်းအတွက် ဂိုးအများဆုံး ၁၀ ဂိုး သွင်းယူပေးထားသည့် အီဘရာဟင်မိုဗစ်ချ်။

(ဓာတ်ပုံ–အင်တာနက်)

ယင်းကဲ့သို့ အင်တာမီလန်တို့ ရှုံးပွဲမရှိ အောင်ပွဲဆင်နိုင်ရာတွင် အဓိက ပံ့ပိုးပေးသည့် ကစားသမားများမှာ ဇလတ်တန်အီဘရာဟင်မိုဗစ်ချ်နှင့် ချယ်လ်ဆီးအသင်းမှ ပြောင်းရွှေ့သွားခဲ့သည့် ခရက်စပိုတို့ ဖြစ်သည်။ အီဘရာဟင်မိုဗစ်ချ်သည် ယခုနှစ် စီးရီးအေရာသီတွင် အင်တာမီလန်အသင်းအတွက် ၁၀ ဂိုးသွင်းယူပေးထားခဲ့ပြီး ခရက်စပိုက ရှစ်ဂိုး သွင်းယူပေးထားနိုင်ခဲ့သည်။

ကွင်းလယ်ဖန်တီးရှင်များ

ထို့အတူ အင်တာမီလန် နောက်တန်းတွင်လည်း ဘာဒစ်ဆို၊ မာတာရာဇီနှင့် ဂရော့ဆိုတို့သည်လည်း အင်တာမီလန်၏ဂိုးပေါက်ကို အကောင်းဆုံး ကာကွယ်ပေးနိုင်ခဲ့သည့် ခံစစ်မှူး ကောင်းများအဖြစ် တာဝန်ကျေသည်။ အလယ်တန်းတွင်လည်း ကမ်ဘီယာဆို၊ လူးဝစ်ဖီဂိုနှင့် စတန်ကိုဗစ်တို့က လည်း တိုက်စစ်မှူးများအတွက် ဂိုးသွင်းခွင့်များ ပံ့ပိုးပေးနိုင်သည့် ကွင်းလယ်ဖန်တီးရှင်များ ဖြစ်သည်။

အင်တာမီလန်အသင်းအတွက် ရှစ်ဂိုး သွင်းပေးထားသည့် ခရက်စပို။

(ဓာတ်ပုံ–အင်တာနက်)

ထိုသို့ အင်တာမီလန်အသင်းတွင် နောက်တန်း၊ အလယ်တန်းနှင့် ရှေ့တန်းကစားသမားများ၏ အားသည် အင်တာမီလန်အသင်းကို ယခုနှစ်ဘောလုံးရာသီတွင် စီးရီးအေ ချန်ပီယံဖြစ်လာတော့မည့်အကြောင်း ဖန်လာသည်။

ယင်းကဲ့သို့ အသင်း၏ ခိုင်မာတောင့်တင်းမှု၊ ရလဒ်ကောင်းများဖြင့် အမှတ်ပေးဇယားတွင် ဦးဆောင်နိုင်မှုများကြောင့် ဆက်လက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲများတွင်လည်း နည်းပြ မန်ချီနီ၏ အင်တာမီလန်အသင်းသည် စီးရီးအေ ချန်ပီယံဖြစ်ရန် အလွန်နီးစပ်နေပြီ ဖြစ်သည်။

အင်တာမီလန်၏ အဓိကပြိုင်ဘက်များ ဖြစ်ကြသည့် အေစီမီလန်အသင်းနှင့် လာဇီယိုအသင်းတို့သည်လည်း ရမှတ်မှာ ထက်ဝက်နီးပါး ပြတ်နေပြီဖြစ်၍ အင်တာမီလန်တို့ စိတ်အေးနေရသည်။

ယင်းကဲ့သို့ အဓိကပြိုင်ဘက်များကို ရမှတ်ဖြတ်နိုင်ခဲ့သော်လည်း အင်တာမီလန်တို့ ချန်ပီယံဖြစ်ရေးလမ်းကြောင်းတွင် အတားအဆီးများကို အလွယ်တကူ ကျော်လွှားနိုင်မည် ဖြစ်သည်။

အင်တာမီလန်တို့ စီးရီးအေပြိုင်ပွဲကစားရန် ၁၅ပွဲသာ ကျန်ရှိသည်။

ပြိုင်ဘက်အသင်းများဖြစ်သည့် အေစီမီလန်၊ လာဇီယို၊ ဆမ်ဒိုးရီးယားနှင့် ဆီနာအသင်းတို့သည် လုပ်ပွဲများကစားခဲ့၍ အမှတ်လျှော့ခံခဲ့ရမှုကြောင့် အင်တာမီလန်တို့အမှတ်ပေးဇယားကို ဦးဆောင်နေသည်ဟူ၍လည်း ဆိုနိုင်မည် မဟုတ်ပေ။

မှန်မှန်နိုင်

စင်စစ်အားဖြင့် အင်တာမီလန်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ခြေမှန်ရနေပြီး ပြိုင်ဘက်အသင်းများကို မှန်မှန် အနိုင်ရလေ့ရှိသည်။

အကယ်၍ အနိုင်ပွဲ မကစားနိုင်ခဲ့လျှင်တောင်မှ အင်တာမီလန်တို့ သရေပွဲနှင့် ရှုံးပွဲမရှိအောင် ထိန်းထားနိုင်ခြင်းမှာ အလွန်အံ့သြစရာကောင်းသည့်အချက် ဖြစ်သည်။

အင်တာမီလန်အသင်း၏ ထူးခြားချက်မှာ ရာသီတစ်လျှောက်လုံး ပြိုင်ဘက်အသင်းများအပေါ် တစ်ဂိုးတည်းဖြင့် ပွတ်ကာသီကာအနိုင်ရလျှင်ရ၊မရခဲ့လျှင်လည်း ဂိုးများများ အသွင်းခံထားရပါက တစ်ဖန်ပြန်ပြီး ပြိုင်ဘက် အသင်းထက် ဂိုးပိုများအောင် သွင်းလေ့ရှိသည်ကို တွေ့ရသည်။

ပေါ်လွင်ထင်ရှား

ချီယေဗိုက သုံးဂိုးသွင်းခဲ့ချိန်တွင် အင်တာမီလန်က လေးဂိုး ပြန်သွင်းခဲ့သည်။ အေစီမီလန်က သုံးဂိုးသွင်းခဲ့ချိန်တွင် အင်တာမီလန်က လေးဂိုးပြန်သွင်းသည်။ ဤသည်မှာ အင်တာမီလန်အသင်း၏ အနိုင်ဖြင့် ကစားမည်ဆိုသည့် စိတ်ဓာတ်မှာ ပေါ်လွင်ထင်ရှားနေသည်။

သို့ဖြစ်၍ ယခုနှစ် စီးရီးအေရာသီတွင် အင်တာမီလန်အသင်းသည် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်တော့မည်ဖြစ်၍ စီးရီးအေချန်ပီယံ အင်တာမီလန်လားဆိုသည့် မေးခွန်းမှာ ရှင်းလင်းသွားပြီဖြစ်သည်။

(ကိုးကား – အင်တာနက်သတင်းများ)

အက်ဖ်အေဖလား ပဉ္စမအဆင့် ယှဉ်ပြိုင် မန်စီးတီးနှင့် စပါးတို့ အနိုင်ရရှိ

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၁၉

အက်ဖ်အေဖလား ပဉ္စမအဆင့်ဘောလုံးပြိုင်ပွဲ များကို ဖေဖော်ဝါရီ ၁၈ရက်က ဆက်လက်ကစားရာ ပရီစတန်နှင့် မန်စီးတီးတို့ပွဲ တွင် မန်စီးတီးက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဖူလ်ဟမ်နှင့် စပါးတို့ပွဲတွင် စပါးက လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ပရီစတန်နှင့် မန်စီးတီးတို့ပွဲတွင် မန်စီးတီးတို့က အသာစီးမှ ကစားနိုင်ခဲ့ပြီး ထိုးဖောက် ဂိုးသွင်းခွင့်လည်း အကြိမ်များများရရှိခဲ့ သည်။ သို့သော်လည်း ပရီစတန်တို့က ပွဲ စသည်နှင့် လျင်လျင်မြန်မြန် တိုက်စစ်ဖွင့်ကစားခဲ့မှုကြောင့် ပွဲချိန် ၈မိနစ်၌ပင် ပရီစတန်မှ ဒေးဗစ်နုဂင့်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ သည်။

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်အဖြစ် ပရီစတန်နှင့် မန်စီးတီးတို့ပွဲတွင် မန်စီးတီးမှ ဂျို့ဘာတန်(၀ဲ)ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သွင်းယူ

သို့သော်လည်း မန်စီးတီးတို့ အပေးအယူမှန်မှန်ဖြင့် ဖိကစားနိုင်ခဲ့ရာ ပွဲချိန် ၃၅ မိနစ်တွင် မန်စီးတီးမှ မိုက်ကယ်ဘောက ချေပဂိုးကို သွင်းယူ ပေးနိုင်ခဲ့ သည်။ မန်စီးတီးအတွက် ဒုတိယဂိုးကို ပရီစတန်မှ မက်သရူးဟေးလ်က ပွဲချိန် ၈၅ မိနစ်၌ ဘောလုံး ဖျက်ထုတ်ရင်း ဂိုးဝင်သွားသဖြင့် မန်စီးတီးတို့ လက်ဆောင်ဂိုးရရှိခဲ့သည်။မန်စီးတီးအတွက် တတိယဂိုးကို ပွဲချိန်မိနစ် ၉၀၌ စတီဖင်အိုင်ရီလန်က သွင်းယူပေးခဲ့သဖြင့် မန်စီးတီးတို့ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဖူလ်ဟမ်နှင့် စပါးတို့ပွဲတွင် စပါးက လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ စပါးအတွက်ဂိုးများကို ပွဲချိန် ၆ မိနစ်နှင့် ၆၈ မိနစ်၌ ရော်ဘီကိန်းက နှစ်ဂိုး၊ ဘာဘာတော့ဗ်က ၇၇ မိနစ်နှင့် မိနစ် ၉၀၌ နှစ်ဂိုးသွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

လာလီဂါပွဲစဉ် (၂၃)၌ ဘာစီလိုနာတို့ ရှုံးပွဲကြုံ

မက်ဒရစ် ဖေဖော်ဝါရီ ၁၉

စပိန်လာလီဂါ ဘောလုံးပွဲစဉ်(၂၃)ကို ဖေဖော်ဝါရီ ၁၈ ရက်က ကစားရာ ဗလင်စီယာနှင့်ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အသုံးချ

အိမ်ကွင်း၌ တစ်ပွဲသာရှုံးထားသော ဗလင်စီယာသည် ဘာစီလိုနာကို အချိန်ပြည့် မထိုးဖောက်နိုင်ခဲ့သော်လည်း ရသည့်အခွင့်အရေးကို အပြည့်အဝအသုံးချသွားနိုင်ခဲ့သည်။

ရှုံးနိမ့်

ဘာစီလိုနာသည် အဝေးကွင်းတွင် ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၅၂ မိနစ်၌ ဗလင်စီယာ တိုက်စစ်မှူး မိဂွယ်အင်ဂူလိုက ၅၂မိနစ် တွင် တစ်ဂိုး၊ ဒေးဗစ်ဆဲလ်ဗားက ၅၅ မိနစ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဘာစီလိုနာအတွက် ချေပဂိုး တစ်ဂိုးကို ပွဲချိန်မိနစ် ၉၀၌ တိုက်စစ်မှူး ရော်နယ်ဒင်ဟိုက သွင်းယူပေးခဲ့ခြင်းကြောင့် ဘာစီလိုနာတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

လာလီဂါပွဲစဉ်(၂၃)အဖြစ် ဗလင်စီယာနှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာမှ ရော်နယ်ဒင်ဟို (ယာ) နှင့် ဗလင်စီယာမှ ဒေးဗစ်အယ်ဘီလ်ဒါတို့ ဘောလုံးယှဉ်လုစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အခြားပွဲရလဒ်များ

ဘီဘာအို	၂ – ၀	ဂီတာဖေး
အက်ဖ်စီဆီဗီလာ	၃ – ၁	အက်သလက်တီကို
ဒီပို့တီဗို	၀ – ၀	လီဗန်တေး
ရေဆင်း	၄ – ၁	ဂျင်နက်စတစ်
အက်စ်ပန်းညို	၃ – ၁	မာလော့ကာ
ရီခရီရေးတီဗို	၁ – ၀	ရီးရဲဆိုစီဒက်
အိုဆာဆူနာ	၀ – ၁	ဆဲလ်တာဗီဂို

(အင်တာနက်)

သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် အရှေ့ဘက် ဗုဒ္ဓဂယာသတ္တဌာန(ဗုဒ္ဓခုနစ်ဆူ) ရုပ်ပွားတော်များတည်ရှိရာ သုမင်္ဂလာ ရာမလယ်တီဝိပဿနာ ကျောင်းတိုက်ကြီး မူလပဓာန နာယက ဆရာတော် (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘန္ဒန္တ သုမင်္ဂလ မဟာထေရ် လယ်တီဆရာတော်ကြီးအား ရည်စူး၍ ခန္ဓာဝန်ချ (၉)နှစ်မြောက် ပူဇော်ပွဲ အလှူတော်မင်္ဂလာကို ဖေဖော်ဝါရီ ၄ ရက်က ယင်းကျောင်းတိုက်၌ ကျင်းပရာ မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလ အရှင်သူမြတ်က ပူဇော်ပွဲ အထူးတရားတော်များ ချီးမြှင့်စဉ်။ (က-ပ)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၄ လမ်းနေ
ဦးစိုးမိုး(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း)-
ဒေါ်ခင်လေးရီ(လက်ထောက်စက်ရုံမှူး၊ ဘဏ္ဍာရေး၊
စစ်တောင်းအမှတ်-၁၊ စက္ကူစက်ရုံ)တို့၏ သားငယ်

မောင်အုပ်စိုး B.E(Mechanical)
M.O.T Second Class Part(A)
တံတားဦးလေယာဉ်ဆိပ်ဌာန (MPPE)

နှင့်

တောင်ငူမြို့၊ မိုးကောင်းရပ်၊ သံတောင်လမ်း၊ အမှတ်၁၂၉ နေ
(ဦးကျော်ခေါင် ဗဟိုတရားရုံးရှေ့နေ)-
(ဒေါ်ခင်မာချို အငြိမ်းစား၊ အထပြ)တို့၏သမီးငယ်

မချောစုလှိုင် B.E (Mechanical)
(နည်းပြ၊ နည်းပညာတက္ကသိုလ်၊ တောင်ငူ)

တို့အား ၁၈-၂-၂၀၀၇ ရက် (တနင်္ဂနွေနေ့) တွင် နှစ်ဖက်သော မိဘဆွေမျိုး မိတ်သင်္ဂဟများ၏ ရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်အုပ်စိုး-မချောစုလှိုင်။

အလှူတော်ငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်လွှာ

သက္ကရာဇ် ၉၂၇ ခုနှစ် ကတည်းက ဥမ္မာဒန္တီမိဖုရားကြီး တည်ထားကိုးကွယ်ခဲ့သည့် ဓနုဖြူမြို့နယ် စံကင်းကျေးရွာရှိ သမိုင်းဝင် မြကျိုက်ပုံ စေတီတော်မြတ်ကြီးမှာ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ပြိုကျပျက်စီးတော့မည့် အခြေအနေတွင် သက္ကရာဇ် ၁၂၄၇ ခုနှစ်၌ အသစ်တစ်ဖန်ပြုပြင်၍ တည်ထားကိုးကွယ်ခဲ့ပါသည်။

၎င်းစေတီတော်မှာလည်း သက္ကရာဇ် ၁၃၆၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့်ပင် ဒုတိယအကြိမ် ပြိုကျပျက်စီးခဲ့ရာ စေတီတော်မြတ်ကြီး၏ ဌာပနာတော်များအားရယူကာ ဘေးကင်းရာသို့ရွှေ့ပြောင်း၍ ရွှေတိဂုံစေတီတော်ပုံစံအတိုင်း ပြန်လည်တည်ဆောက်လျက်ရှိပါသည်။

သို့ပါ၍ စေတီတော်ကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်း အမြန်ဆုံးပြီးစီးအောင်မြင်နိုင်ရေးအတွက် သဒ္ဓါကြည်ဖြူ ပါဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - မြကျိုက်ပုံစေတီတော်ဂေါပကအဖွဲ့
စံကင်းကျေးရွာ၊ ဓနုဖြူမြို့၊
ဖုန်း-၀၄၆-၂၅၁၄၈၊ ၀၄၆-၂၅၃၃၆။

ဒေါ်မဥ္ဇူစိန် မန်နေဂျာ၊ မြန်မာ့ကြံလုပ်ငန်း
သိရီမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၆၆၀၄၅။

လူကုန်ကူးမှုတရားခံ သုံးဦးအား
ထိရောက်ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်အရေးယူခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ဖေဖော်ဝါရီ၇ ရက်တွင် လူကုန်ကူးမှု တရားခံသုံးဦးအား ပြစ်ဒဏ် အသီးသီး ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးခဲ့

ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် (၂)ရပ်ကွက်နေ ဝင်းနိုင်ဦး (ခ) အငယ်လေး(ဘ) ဦးဝင်းအောင်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်နေ အမျိုးသမီး သုံးဦးနှင့် ကလေးနှစ်ဦး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်မှ အမျိုးသမီးတစ်ဦး ပေါင်း ခြောက်ဦးတို့အား တစ်ဖက်နိုင်ငံသို့ ပို့ဆောင် ရောင်းစားခဲ့ကြောင်း စုံစမ်းသိရှိရသဖြင့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် တရားခံ ဝင်းနိုင်ဦး (ခ) အငယ်လေးအား ဖမ်းဆီးခဲ့ကြောင်း။

စည်းရုံးခေါ်ဆောင်

ဆက်လက်၍ စုံစမ်းဖော်ထုတ်ချက်များအရ တရားခံ ဝင်းနိုင်ဦးသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွင်း တစ်ရပ်ကွက်တည်းနေ အမျိုးသမီး နှစ်ဦးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ အမျိုးသမီး တစ်ဦးတို့ကို မူဆယ်မြို့ရှိ စတိုးဆိုင်တွင် ဝင်ငွေကောင်းသော အလုပ်ရမည်ဟု ပြောဆိုစည်းရုံး၍ ခေါ်ဆောင်သွားပြီး တစ်ဖက်နိုင်ငံရှိ အမျိုးသားများနှင့်အိမ်ထောင်ပြုရန် ရောင်းစားခဲ့ကြောင်း။

ထိုသို့ လူကုန်ကူးမှုကျူးလွန်ရာတွင် ဝင်းနိုင်ဦး၏ အစ်ကိုအရင်းများဖြစ်သော ကျော်ဝင်းသန်းနှင့် မျိုးနိုင်ဦး (ခ) ကိုမျိုးတို့က လိုက်ပါကူညီ ဆောင်ရွက်ခဲ့ကြောင်း။

ထပ်မံပို့ဆောင်

၎င်းနောက် တစ်ပတ်ခန့်အကြာတွင် ဝင်းနိုင်ဦးက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်မှ အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦးတို့အား တစ်ဖက်နိုင်ငံသို့ ထပ်မံပို့ဆောင်ခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်ချမှတ်

ထို့အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက တရားခံ ဝင်းနိုင်ဦး (ခ) အငယ်လေးအား ထောင်ဒဏ်တစ်သက် (ထောင်ထဲတွင် သေဆုံးချိန်အထိ ပြစ်ဒဏ် ကျခံစေရန်)၊ တရားခံ မျိုးနိုင်ဦး (ခ) ကိုမျိုးနှင့် တရားခံ ကျော်ဝင်းသန်းတို့အား ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ် အသီးသီး ချမှတ်ခဲ့ကြောင်း။

ကြပ်မတ်ဆောင်ရွက်

လူကုန်ကူးမှု တရားခံများအား ယခုကဲ့သို့ ထိရောက်ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်ခြင်း၊ အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးမှုနှင့် စပ်လျဉ်းသည့် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် တာဝန်ရှိသူများက လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှုတရားခံ သုံးဦးကို တွေ့ရစဉ်။ (မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ဝင်းနိုင်ဦး(ခ)အငယ်လေး။

ကျော်ဝင်းသန်း။

မျိုးနိုင်ဦး(ခ)ကိုမျိုး။

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ၏ အဌမအကြိမ် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာ ဆရာမကြီးများထံ ကန်တော့ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၆)ရပ်ကွက် ပညာအလင်းရောင် စာကြည့်တိုက်ရှေ့တွင် ဖေဖော်ဝါရီ၁၂ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းမော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

စင်ကာပူရုက္ခဗေဒဥယျာဉ်နှင့် ပန်းမန်များအကြောင်းဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ စင်ကာပူနိုင်ငံ ရုက္ခဗေဒဥယျာဉ် (Singapore Botanic Garden)နှင့် ပန်းမန်များအကြောင်း ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဥယျာဉ်မှ စီနီယာသိပ္ပံပညာရှင် ဒေါက်တာဟူးဘတ်ကွတ်ဇ်ဝဲလ်က ဟောပြောမည်ဖြစ်ရာ မည်သူမဆို အခမဲ့ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ဒေါက်တာဟူးဘတ်သည် မြန်မာနိုင်ငံ သစ်ခွပညာရှင်အသင်း ဗဟိုအလုပ်အမှုဆောင် သစ်ခွပညာရှင် ဒေါက်တာစောလွင်၊ သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်၊ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနခွဲမှ သစ်ခွပညာရှင် သစ်တောအုပ်ကြီး ဦးစိုးဝင်းတို့နှင့်အတူ ဖေဖော်ဝါရီ၂၃ ရက်မှ တစ်ပတ်ကြာ ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းသို့ သွားရောက်ကာ သစ်ခွသုတေသနလုပ်ငန်းများကို အတူဆောင်ရွက်ကြမည်ဟု သိရသည်။ **(၁၀၈)**

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ မြင်းခြံ-မန္တလေးခရီးစဉ်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင်၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ၏ သတ္တမနေ့ပွဲစဉ် မြင်းခြံ-မန္တလေးခရီးစဉ်အတွက် ဆုပေးပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ခန်းမ၌ ကျင်းပသည်။

သရုပ်ပြသ

ရှေးဦးစွာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော်မြင့်က စက်ဘီးအားကစားနည်းအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ဆေးမှူးချုပ် ဒေါက်တာ အောင်သိန်းဌေးက အားကစားနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာကိုလည်းကောင်း ဟောပြောကြပြီး နည်းပြ ဦးမြင့်ဟန်နှင့် ပဏာမ အမျိုးသမီးလက်ရွေးစင် အေးအေးသင်းတို့က သရုပ်ပြသကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မန္တလေးတိုင်း စက်ဘီးဆပ်ကော်မတီ ဥက္ကဋ္ဌ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူး မောင်စိန်က တတိယရရှိသော ဇော်မင်းထွန်း (ရှမ်းပြည်နယ်တောင်ပိုင်း)အား ငွေကျပ်နှစ်သောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်/လေ့ကျင့်) ဗိုလ်မှူးစောသန်းနိုင်က ဒုတိယရရှိသော ကျော်ကျော်ဦး (Flamingo) အား ငွေကျပ်လေးသောင်းနှင့် ချမ်းမြသာစည်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းခိုင်က ပထမရရှိသော မင်းမင်းဟန် (လယ်/ဆည်)အား ငွေကျပ် ခြောက်သောင်းငါးထောင်ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ယှဉ်ပြိုင်

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ (အဌမနေ့ပွဲ) မန္တလေး-မိတ္ထီလာ ခရီးစဉ်ကို ဖေဖော်ဝါရီ၂၀ ရက်တွင်ဆက်လက် ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သင်္ချာဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ

သင်္ချာဘာသာ သိမှတ်ဖွယ်ရာ

သင်္ချာဘာသာရပ်ဟာ အခြေခံပညာအထက်တန်း ဘာသာတွဲအားလုံးမှာမယူမနေရ ဘာသာရပ်တစ်ခုဖြစ်တယ်။ သင်္ချာဘာသာရပ်ကို စနစ်တကျလေ့လာမယ်ဆိုရင် အောင်မှတ်ရဖို့ လွယ်ကူတဲ့ဘာသာတစ်ခုဖြစ်သလို ဂုဏ်ထူးထွက်နိုင်တဲ့ ဘာသာလည်း ဖြစ်တယ်။ အရေးကြီးတာက သင်္ကေတတွေ မှန်မှန်ကန်ကန် သုံးတတ်ရမယ်။ ပုစ္ဆာတွက်ဖို့အတွက် ပုံသေနည်းတွေ မှတ်မိရမယ်။ ပုစ္ဆာတွေကို အလွတ်ကျက်ပြီး ဖြေတာမျိုးကို ရှောင်ရမယ်။ သင်္ချာဘာသာ သိကောင်းစရာအနေနဲ့ မြဲဌာန်းစာအုပ်မှာပါတဲ့အခန်း(၁၂)ခန်းကို တစ်ခန်းစီ ရှင်းပြပါမယ်။

အခန်း(၁) Functions နဲ့ပတ်သက်ပြီး ဖန်ရှင်နှစ်ခု f နဲ့ g တို့ရဲ့ ပုံသေနည်းတွေ ပေးထားရင် အဲဒီ ဖန်ရှင်နှစ်ခုရဲ့ composite function $f \circ g$ ရဲ့ပုံသေနည်းကို ရှာတတ်ရ မယ်။ $f \circ g$ နဲ့ f ရဲ့ ပုံသေနည်းတွေ ပေးထားပြီး g ရဲ့ ပုံသေနည်းကို ရှာနိုင်းရင် $(f \circ g)(x) = f(g(x))$ ကို သုံးပြီး ရှာရတယ်ဆိုတာ သိထားရမယ်။ Inverse ရှိတဲ့ ဖန်ရှင် f အတွက် f^{-1} ပုံသေနည်းကို ရှာတဲ့အခါ $f(x) = y \Leftrightarrow x = f^{-1}(y)$ ဆိုတာသိရမယ်။ $f \circ f^{-1} = f^{-1} \circ f = I$ ဖြစ်တယ်ဆိုတာ သိထားရမယ်။ I ဆိုတာ identity function ဖြစ်ပြီး $I(x) = x$ ဖြစ်တယ်ဆိုတာ သိထားရမယ်။ Binary operation ဟာလည်း မေးလေ့ရှိတာမို့ ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ သိထားသင့်တဲ့ အကြောင်းအရာတစ်ခု ဖြစ်တယ်။

အခန်း(၂) The remainder and the factor theorem မှာ polynomial တစ်ခု f(x)ကို$ax - b$နဲ့ စားရင် remainder ဟာ $f\left(\frac{b}{a}\right)$ ဖြစ်တယ်ဆိုတာ Remainder theorem ရဲ့အဓိကအချက်ဖြစ်တယ်။ ဒါ့အပြင် f(x) is divisible by $ax - b$ သို့မဟုတ် $ax - b$ is a factor of f(x) ဖြစ်ရင် $f\left(\frac{b}{a}\right) = 0$ ဆိုတဲ့ factor theorem ရဲ့အဓိကအချက်ကို သိထားသင့်ပါတယ်။ အဲဒီအချက်ဟာ အမြန်အလှန်ပါ မှန်ပါတယ်။ Degree 3 နဲ့အထက်ရှိတဲ့ ကိန်းတန်းတစ်ခုရဲ့ factor တွေကို ရှာတဲ့အခါမှာ သုံးတဲ့အချက်ကတော့ $x - k$ is a factor of $f(x) \Leftrightarrow f(k) = 0$ ဖြစ်တယ်။ အခုပြောခဲ့တဲ့အချက်တွေကို နားလည်သဘောပေါက်ပြီး find the factor, find the other, solve the equation, factorise completely ဆိုတဲ့မေးခွန်းတွေကို ကွဲကွဲပြားပြား သိနေမယ်ဆိုရင် ပုစ္ဆာ တွေကို တွက်နိုင်ပါလိမ့်မယ်။

အခန်း(၃) The Binomial theorem မှာတော့ အပေါင်းကိန်းပြည့် n အတွက် $(x + y)^n$ ရဲ့ အကျယ်ဖွင့်ကိုမှတ်မိရမယ်။ အကျယ်ဖွင့်မှာကိန်းလုံးအရေအတွက်(number of terms)က $(n + 1)$ခု ရှိတယ်ဆိုတာကိုလည်း မှတ်ထားရမယ်။ အဲဒီအကျယ်ဖွင့်မှာပါတဲ့ ယေဘုယျကိန်းလုံး သို့မဟုတ် $(r + 1)$အကြိမ်မြောက်ကိန်းလုံးရဲ့ ပုံသေနည်းဖြစ်တဲ့ $(r + 1)$ th term = ${}^nC_r x^{n-r} y^r$ ဆိုတာ အရေးကြီးတဲ့ ပုံသေနည်းတစ်ခုဖြစ်တဲ့အတွက် ရအောင်ကျက်ထားဖို့လိုတယ်။ ဒီပုံသေနည်းကို မှတ်မိမှ အကျယ်ဖွင့်ရဲ့ ဘယ်နှကြိမ်မြောက်ကိန်းလုံးကိုပဲဖြစ်ဖြစ် ရှာနိုင်မှာဖြစ်သလို ကိန်းသေ ကိန်းလုံး (constant term), x ပေါ်တွင် မမှီခိုသောကိန်း (term independent of x), အလယ်ကိန်းလုံး(middle term), နဲ့ မြောက်ဖော်ကိန်းများကို ရှာနိုင်မှာဖြစ်တယ်။

အခန်း(၄) Inequation အပိုင်းအနေနဲ့ Quadratic Inequation တစ်ခုရဲ့ solution set ကို graphical method နဲ့ရှာတတ်ရမှာဖြစ်သလို algebraic method နဲ့လည်းရှာတတ်ရမယ်။ find the set of values of x လို့ မေးခဲ့ရင်လည်း solution set ကိုပဲ ရှာနိုင်းတယ်ဆိုတာ သိရမယ်။

အခန်း(၅) မှာတော့ Sequences and Series နှစ်မျိုးကိုဖော်ပြထားတဲ့အတွက် အဲဒီ နှစ်မျိုးလုံးနဲ့ပတ်သက်တဲ့ ပုံသေနည်းတွေကိုမှတ်မိအောင် လေ့ကျင့်ထားဖို့လိုပါတယ်။ Sequence (သို့မဟုတ်) Series တစ်ခုကို ပေးထားရင် အဲဒီ Sequence (သို့မဟုတ်) Series ဟာ A.P. သို့မဟုတ် G.P.ဆိုတာ ခွဲခြားတတ်ရမယ်။ ဒီအခန်းမှာ ပုံသေနည်းတွေက အရေးကြီးသလို သင်္ကေတတွေလည်း မှန်မှန်ကန်ကန် သုံးတတ်ဖို့လိုပါတယ်။ A.P. အတွက် first term က a, common difference က d, last term က l ဖြစ်ပြီး၊ Sum of the first n terms, $S_n = \frac{n}{2}\{2a + (n-1)d\}$ or $\frac{n}{2}(a + l)$ ဖြစ်တယ်။ G.P. အတွက်ကတော့ first term က a, common ratio က r, ဖြစ်ပြီး၊ Sum of the first n terms, $S_n = \frac{a(r^n - 1)}{r - 1}$ ဖြစ်တယ်။ G.P. အတွက် S_n ပုံသေနည်းက $r \neq 1$ အတွက်သာ မှန်တယ်။ ဒီအခန်းမှာ နောက်ထပ်သိသင့်တဲ့အချက်က $U_n = S_n - S_{n-1}$ ဆိုတဲ့ပုံသေနည်း ဖြစ်တယ်။ Infinite geometric series နဲ့ ပတ်သက်ပြီး သိရမယ့်အချက်က Infinite geometric series ရဲ့ပေါင်းလဒ်ဟာ အမြဲမရှိဘဲ $|r| < 1$ ဖြစ်မှသာရှိပြီး အဲဒီပေါင်းလဒ် S ကိုရှာဖို့ပုံသေနည်းက $S = \frac{a}{1 - r}$ ဖြစ်တယ်။

အခန်း(၆) Matrix အပိုင်းမှာတော့ အခြေခံအချက်တွေဖြစ်တဲ့ Matrix များပေါင်းခြင်း၊ စကေလာတစ်ခုနဲ့ Matrix တစ်ခုမြှောက်ခြင်း၊ Matrix နှစ်ခုမြှောက်ခြင်းတို့ကို ပြုလုပ်တတ်ရမယ်။ ဒါ့အပြင် Zero matrix, unit matrix (identity matrix) တို့ကို သိရမယ်။ Inverse ရှိတဲ့ 2 x 2 matrix တစ်ခုရဲ့ Inverse ကို definition အရ ရှာတတ်ရမှာဖြစ်သလို၊ ပုံသေနည်းသုံးပြီးလည်း ရှာတတ်ရမယ်။ 2 x 2 singular matrix ဆိုတာ Inverse မရှိတဲ့ Matrix တစ်နည်းပြောရရင် determinant တန်ဖိုး zero ဖြစ်တဲ့ matrix ဆိုတဲ့အချက်ဟာလည်း သိထားသင့်တဲ့ အချက်တစ်ခု ဖြစ်တယ်။ system of linear equations တွေကို matrix method သုံးပြီး solution set ရှာတတ်ဖို့လည်း လိုပါတယ်။ ဒါ့အပြင် solution မရှိတဲ့ linear system တွေကိုလည်း သိထားရမယ်။

အခန်း(၇) ရဲ့ ပထမပိုင်းမှာ Statistics နဲ့ပတ်သက်တဲ့ mean, median, mode တို့ကို ရှာတတ်ရမယ်။ assumed mean ပေးထားပြီး mean ကို ရှာနိုင်းတဲ့ ပုစ္ဆာများကိုလည်း သိထားသင့်တယ်။ Probability အပိုင်းမှာတော့ experiment တစ်ခုရဲ့ possible outcomes နဲ့ favourable outcomes တွေရှာဖို့ tree diagram သို့မဟုတ် table ဆွဲတတ်ရမယ်။ outcome တစ်ခုရဲ့ Probability ကိုရှာဖို့ $\text{Probability of an outcome} = \frac{\text{No.of favourable outcomes}}{\text{No.of possible outcomes}}$ ဆိုတာသိထားရမယ်။ outcome တစ်ခုရဲ့ Probability ဟာ 0 နဲ့ 1 ကြားမှာရှိပြီး၊ 0 ဖြစ်နိုင်သလို 1 လည်းဖြစ်နိုင်တယ်။ ဒီအခန်းမှာ နောက်ထပ်သိထားသင့်တဲ့ ပုံသေနည်းတွေကတော့ outcome A အတွက် $P(\text{not } A) = 1 - P(A)$ ဖြစ်ပြီး၊ A နဲ့ B ဟာ mutually exclusive outcomes တွေဖြစ်ရင် $P(A \text{ or } B) = P(A) + P(B)$ ဖြစ်ပြီး A နဲ့ B ဟာ independent outcomes တွေဖြစ်ရင် $P(A \text{ and } B) = P(A) \times P(B)$ ဖြစ်တယ်။ ဒီအခန်းရဲ့နောက်ဆုံးအပိုင်းဖြစ်တဲ့ expected frequency နဲ့ပတ်သက်ပြီး experiment တစ်ခုကို အကြိမ်ပေါင်းများစွာ လုပ်တဲ့အခါမှာထွက်လာတဲ့ outcomes တွေထဲက particular outcome တစ်ခုရဲ့ expected frequency ကို ရှာနိုင်းရင်၊ Expected frequency = Probability × Number of trials ဖြစ်တယ်ဆိုတာ သိဖို့လိုတယ်။

အခန်း(၈) Circles အပိုင်းနဲ့ပတ်သက်ပြီး Circles နဲ့ သက်ဆိုင်တဲ့ ဝေါဟာရတွေကို မြန်မှတ်မိရမယ်။ ဒါမှသာ ပုစ္ဆာတွေကိုဖတ်ပြီး ပုံဆွဲနိုင်မှာ ဖြစ်တယ်။ ဒီအခန်းမှာ သီအိုရမ်တွေရဲ့ သက်သေပြချက်တွေကို သိထားရမှာဖြစ်သလို၊ နားလည်သဘောပေါက်အောင်လည်း လေ့လာထားရမယ်။ ဒါမှသာ ပုစ္ဆာတွက်တဲ့အခါမှာ မှန်မှန်ကန်ကန် သုံးနိုင်မှာဖြစ်တယ်။ ဒါ့အပြင် ပုစ္ဆာတွက်တဲ့အခါမှာ သင်္ကေတတွေကိုလည်း သူ့နေရာနဲ့သူ မှန်မှန်ကန်ကန်နဲ့သုံးဖို့ လိုပါတယ်။ ထောင့်တန်ဖိုးတွေရှာတဲ့အခါမှာ measure ကို ကိုယ်စားပြုတဲ့အက္ခရာ m ကျန်ခဲ့တာတို့ ထောင့်သင်္ကေတ ကျန်ခဲ့တာတို့ ဖြစ်တတ်တာမို့ α, β, γ စတဲ့အက္ခရာတွေသုံးဖို့ အကြံပြုလိုပါတယ်။

အခန်း(၉) Areas of similar triangles မှာ Grade 10 က similar triangles နဲ့ပတ်သက်တဲ့အကြောင်းအရာတွေ၊ အချိုးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ သဏ္ဍာန်တူခြင်းဆိုင်ရာ ဂုဏ်သတ္တိတွေကို မြန်မှတ်မိဖို့ လိုပါတယ်။ ဒါမှသာ ပုစ္ဆာများတွက်တဲ့အခါမှာ လိုအပ်သလို သုံးနိုင်မှာဖြစ်တယ်၊ ဒီအခန်းရဲ့ အဓိကအချက်ကတော့ သဏ္ဍာန်တူ တြိဂံနှစ်ခုရဲ့ ဧရိယာအချိုးဟာ လိုက်ဖက်အနားနှစ်ခုအလျားများရဲ့ နှစ်ထပ်ချိုးနဲ့ဖြစ်စေ၊ လိုက်ဖက်အမြင့် မျဉ်းနှစ်ခုအလျားများရဲ့နှစ်ထပ်ချိုးနဲ့ဖြစ်စေ၊ လိုက်ဖက်ထောင့် ထက်ဝက်ပိုင်းမျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်ချိုးနဲ့ဖြစ်စေ၊ လိုက်ဖက်အလယ်မျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်ချိုးနဲ့ ဖြစ်စေ တူတယ်ဆိုတာပဲ ဖြစ်တယ်။

အခန်း(၁၀)မှာတော့ Vector အပိုင်းနဲ့ Transformation အပိုင်းဆိုပြီး နှစ်ပိုင်းဖော်ပြထားတာတွေ့ရမယ်။ Vector နဲ့ပတ်သက်တဲ့အခြေခံအချက်ကတော့ Triangle law of addition ပဲ ဖြစ်တယ်၊ Geometry ပုစ္ဆာတချို့ကို Vector method သုံးပြီး သက်သေပြနိုင်းတဲ့ ပုစ္ဆာများဟာလည်း စိတ်ဝင်စားစရာ ဖြစ်ပါတယ်။ Position vector နဲ့ပတ်သက်ပြီး အမှတ် A ရဲ့ Position vector ဟာ $\underline{a}$ အမှတ် B ရဲ့ Position vector ဟာ $\underline{b}$ ဖြစ်ရင် $\underline{AB} = \underline{b} - \underline{a}$ ဖြစ်တယ်ဆိုတာ သိထားရမယ်။ Vector နှစ်ခုပြိုင်ရင် တစ်ခုဟာ ကျန်တစ်ခုရဲ့ scalar မြှောက်လဒ်နဲ့ တူတယ်ဆိုတာလည်း သိထားရမယ်။ $\underline{a}$ နဲ့ $\underline{b}$ ဟာ zero vector လည်းမဟုတ် တစ်ခုနဲ့တစ်ခု ပြိုင်လည်း မပြိုင်တဲ့ vector တွေ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ညောင်လေးပင်မြို့ မြို့မဈေးရှေ့ မြေခင်းအလှပြုပြင်ထားမှုကို ဖေဖော်ဝါရီ ၄ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမင်းနှင့် အမှုဆောင်အရာရှိ ဦးတင်ဌေးတို့ ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လှိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆုပေးပွဲ ဟိုပန်မြို့၌ကျင်းပ

ဟိုပန် ဖေဖော်ဝါရီ ၁၀

မိဘဆရာ သင်းလုံးကျွတ်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၁၀နာရီက ဟိုပန်မြို့ အခြေခံပညာ အထက်တန်းကျောင်း စာမေဟာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဆာထွန်းကဆောင်ရွက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်အက်စ်တာလားတို့က အမှာစကားပြောကြားကြသည်။

ထို့နောက်သူငယ်တန်းမှ ၁၀မတန်းအထိ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူ ၃၄ ဦးနှင့် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ ကျောင်းသား မောင်အောင်ဘုန်းပိုင်အား စေတနာရှင်များက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ ဆောင် ရွက် သည့် ပင်လုံ-ဆနင်းကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၆ရက်က ပန်မုန့်ကျေးရွာရှိ မုခ်ဦး၌ ကျင်းပရာ နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးကြီးတင်ဌေး၊ လွိုင်လင်ခရိုင် ဥက္ကဋ္ဌ ဦးအောင်ဌေးနှင့် လွိုင်လင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးမြို့ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်း ရောင်း/စက်ဌာန အမှတ်(၃၈) သစ်စက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ ရက်သတ္တတစ်ပတ်ကြာ အကြိုအခြေခံမီးသတ်သင်တန်း (၁/၂၀၀၇) ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က ယင်းစက်ရုံခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ဦးလှမြင့်က သင်တန်းဆင်း ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်းများ မိုင်းရယ်မြို့၌ဖွင့်

မိုင်းရယ် ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကျေးလက်နေ ပြည်သူများအားလုံး မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုနိုင်ရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်းများ ဖွင့်လှစ်နိုင်ရေး စည်းရုံးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်က လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ဟိုယကျေးရွာနှင့် လွယ်ငင်းကျေးရွာတို့တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်း ဖွင့်ပွဲများ ကျင်းပကြသည်။

ဖွင့်လှစ်

အခမ်းအနားများတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံတာဝန်ခံ ဦးထွန်းထွန်းလင်း၊ ဟိုယကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းအောင်ညွှန့်နှင့် လွယ်ငင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းမူးလိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါကျေးရွာများသည်ကိုယ်ပိုင် အသေးစား ရေအားလျှပ်စစ်မှ ၂၄နာရီ လျှပ်စစ်ဓာတ်အားရရှိသော ကျေးရွာများဖြစ်သဖြင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များ ကြည့်ရှု အပန်းဖြေနိုင်ကြတော့မည် ဖြစ်သည်။

(ပြည်နယ် ပြန်/ဆက်)

စာမျက်နှာ ၁၅ မှ အဆက်

ဖြစ်ပြီး $h\mathbf{a} + k\mathbf{b} = \mathbf{o}$ ဖြစ်ရင် $h = k = 0$ ဖြစ်တယ်လို့ ဖော်ပြထားတဲ့ သီအိုရမ်တခုလည်း ပုစ္ဆာတွေကိုတဲ့ အခါမှာအသုံးဝင်တာပဲ့ မှတ်ထားရမယ်။ Transformation နဲ့ ပတ်သက်ပြီး Reflection about x-axis, reflection about y- axis, rotation နဲ့ translation တို့ကို ကိုယ်စားပြုတဲ့ matrix တွေကို မှတ်မိရမယ်။ အဲဒီ matrix တွေနဲ့ ပတ်သက်ပြီး (၁)မှတ်တန်မှာ မေးလေ့ရှိတယ်။

အခန်း(၁၁) Trigonometry အခန်းရဲ့ ပထမပိုင်းမှာ [illegible] unit နှစ်ခုဖြစ်တဲ့ degree measure နဲ့ radian measure တို့ရဲ့ ဆက်သွယ်ချက်ဖြစ်တဲ့ $180^\circ = \pi$ radian ဆိုတာ သိထားရမယ်။ ဒါမှသာ degree ကနေ radian , radian ကနေ degree ကို ပြောင်းနိုင်မှာ ဖြစ်တယ်။ circle တစ်ခုရဲ့ arc length s နဲ့ sector တစ်ခုရဲ့ area A ကိုဖော်ပြတဲ့ ပုံသေနည်းနှစ်ခုဖြစ်တဲ့ $s = r\theta$ နဲ့ $A = \frac{1}{2}r^2\theta$ တို့ကိုလည်း ကျက်ထားရမယ်။ ဒီပုံသေနည်း နှစ်ခုထဲမှာ θ ကို radian နဲ့ ကိုင်တွယ်ဖြစ်တယ်ဆိုတာ သတိထားရမယ်။ [illegible] ကြိုက်ရင် ပြောင်းပြန်မှန်ကြောင်း [illegible] ကို ရှာနိုင်ရန် ထောင့်ကျဉ်း ထောင့်ကျယ် တြိဂံတွေကို ဖြေရှင်းနိုင်ရန် Law of Sine နဲ့ Law of Cosine တို့ရဲ့ ပုံသေနည်းတွေကို သိထားရမယ်။ တြိဂံတစ်ခုမှာ [illegible] ဘယ် Law ကိုသုံးရမယ်ဆိုတဲ့ အချက်တွေကိုပါ မှတ်ထားဖို့ လိုပါတယ်။ Trigonometry identities တွေ သက်သေပြဖို့နဲ့ Trigonometric equations တွေ ဖြေရှင်းဖို့အတွက် ပုံသေနည်းတွေကိုလည်း မှတ်မိအောင် ကျက်ထားရမယ်။

နောက်ဆုံးအခန်းဖြစ်တဲ့ အခန်း(၁၂) Calculus အပိုင်းမှာ အခြေခံအချက်အနေနဲ့ function တွေရဲ့ limit ရှာခြင်းနဲ့ algebraic function, trigonometric function, exponential function နဲ့ logarithmic function တွေရဲ့ derivative တွေကိုရှာတတ်ဖို့ လိုပါတယ်။ ဒါတွေကို သိထားမှသာ [illegible] တွေရဲ့ နောက်ပိုင်းမှာပါတဲ့ tangent line နဲ့ normal line equation များရှာခြင်း stationary point ရှာခြင်း Maximum value နဲ့ Minimum value ရှာခြင်းတွေကို တွက်နိုင်မှာ ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများအနေနဲ့ အခန်းအသီးသီးမှာပါတဲ့ အခြေခံအချက်တွေကို [illegible] ပုစ္ဆာများကို ကိုယ်တိုင်ကိုယ်ကျ တွက်ကြည့်ဖို့လိုပါတယ်။ [illegible] တွက်ပြထားကို ကြည့်ရုံ [illegible] ကိုယ်တိုင်တွက်ကျင့်မှသာ [illegible] အခါမှာ [illegible] တတ်ပါတယ်။ [illegible] မေးခွန်းပေါင်းများနဲ့ [illegible] လေ့ကျင့်ကြည့်ကြဖို့ တိုက်တွန်းလိုပါတယ်။

ဆက်လက်ပြီး မေးခွန်းပုံစံကို ပြောပြမယ်။ Section A မှာ မဖြေမနေရ မေးခွန်း(၂၅)ပုဒ် မေးထားတာတွေ ရှုပ်မိမယ်။ အားလုံးဟာ multiple choice မေးခွန်းတွေ ဖြစ်တယ်။ တစ်ပုဒ်ကို (၁)မှတ်ပေးထားတဲ့အတွက် **စုစုပေါင်း(၂၅)မှတ်** ဖြစ်တယ်။

Section B ကလည်း မဖြေမနေရအပိုင်း ဖြစ်တယ်။ ဒါပေမယ့် ဒီအပိုင်းက နံပါတ်(၂)မှာ choice ပေးထားသလို နံပါတ်(၃)မှာလည်း choice ပေးထားတာ တွေ့ရှုပ်မိမယ်။ (၅)ပုဒ်ဖြေရမှာဖြစ်ပြီး တစ်ပုဒ်ကို(၃)မှတ်ပေးထားတဲ့အတွက် **စုစုပေါင်း(၁၅)မှတ်** ဖြစ်တယ်။

Section C မှာတော့ (၁၀)မှတ်တန်မေးခွန်း(၉)ပုဒ်မေးထားပြီး ကြိုက်ရာ (၆)ပုဒ် ရွေးဖြေရမှာဖြစ်တယ်။ တစ်ပုဒ်ချင်းမှာ (a) နဲ့ (b) နှစ်ပိုင်းခွဲမေးထားတာ တွေ့ရှုပ်မိမယ်။ (a)ကို (၄)မှတ် (b)ကို (၆)မှတ်ပေးထားတယ်။ စုစုပေါင်း(၆)ပုဒ်ဖြေရမှာဖြစ်တဲ့အတွက် **အမှတ်စုစုပေါင်း(၆၀)**ဖြစ်တယ်။

[illegible] မေးခွန်းတွေကို ဖြေဆိုတဲ့အခါမှာ **သတိထားရမယ့် အချက်တွေနဲ့ လိုက်နာရမယ့် စည်းကမ်း** တွေကို ဆက်လက်ပြောပြမယ်။

မေးခွန်းမှာ Section A, Section B, Section C ဆိုပြီး (၃)ပိုင်းခွဲမေးထားပေမယ့် ဘယ် Section ကို အရင်ဖြေရမယ်ဆိုတဲ့ ကန့်သတ်ချက်မရှိတဲ့အတွက် ကိုယ်အဖြေနိုင်ဆုံး Section ကို ဖြေနိုင်ပါတယ်။ ဘယ်Section ကိုပဲဖြေဖြေ ကိုယ်ဖြေတဲ့ **ပုစ္ဆာရဲ့နံပါတ်ကိုတော့ မှန်မှန်ကန်ကန်တပ်ဖို့** သတိထားရမယ်။

Section C မှာ (၉)ပုဒ်ထဲက (၆)ပုဒ်ရွေးဖြေနိုင်တဲ့အတွက် **အပုဒ်ရေမဖြေမိစေနဲ့၊ (၆)ပုဒ်ထက်အလွန်မဖြေမိစေနဲ့** [illegible] တွေ့မြင်ရလို့ [illegible] တတ်ပါတယ်။ ဒီအပိုင်းရဲ့ပုစ္ဆာတချို့မှာ ဘယ်နည်းနဲ့ တွက်ပါလို့ ဆိုပြီး နည်းကို ကန့်သတ်မေးထားတာမျိုးလည်း ပါတတ်ပါတယ်။ အဲဒီလိုပုစ္ဆာမျိုးကိုဖြေရင် တွက်ခိုင်းတဲ့နည်းနဲ့ တွက်မှသာ အမှတ်ရမှာဖြစ်ပါတယ်။ [illegible] **တွက်ခိုင်းတဲ့နည်းနဲ့ မတွက်ရင် အမှတ်လုံးဝမရဘူး** ဆိုတာ သတိပြုရမယ်။ [illegible] ပုံဆွဲပေးထားတဲ့ ဘယ်ပုစ္ဆာ [illegible] အဖြေတွေမှာ [illegible] တွက်ချက်ရမှာဖြစ်သလို [illegible] ကို တွက်ရင်လည်း အဖြေတွေမှာ [illegible] တွက်ရမယ်။ အဲဒီလိုပုစ္ဆာမျိုးတွေအတွက် **ပုံမပါရင် အမှတ်လုံးဝမရဘူး** ဆိုတာ သတိထားစေချင်ပါတယ်။

စာမေးပွဲမှာ [illegible] ကျောင်းသားကျောင်းသူများအနေနဲ့ စာမေးပွဲမဖြေမီ မေးခွန်းပေါင်းများနဲ့ [illegible] လေ့ကျင့်ထားဖို့ တိုက်တွန်းလိုပါတယ်။ သချာ်ဘာသာမှာ [illegible] လက်ရေးလှဖို့ မလိုပေမယ့် လက်ရေးသပ်ရပ်ဖို့တော့ လိုပါတယ်။ အထူးသဖြင့် ကိန်းများကို ပီပီသသနဲ့ သပ်သပ်ရပ်ရပ်ရေးဖို့တော့လိုပါတယ်။ နောက်ဆုံးအနေနဲ့ နှစ်ခြင်းလက္ခဏာဖြစ်တဲ့ Correction pen သုံးခြင်းကို ရှောင်ဖို့ သတိပေးပြောကြားလိုပါတယ်။ သုံးချင်ချင်တော့ [illegible] အမှားများမဖြစ်အောင် သတိထားပါလို့ မှာကြားလိုပါတယ်။

ကျောင်းသားကျောင်းသူများ အမှတ်ကောင်းကောင်းရအောင် ဖြေဆိုနိုင်ပြီး ထူးချွန်စွာ အောင်မြင်ကြပါစေလို့ ဆုတောင်းရင်း နှုတ်ဆက်လိုက်ပါတယ်။ ■



ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ- ၂၂)

ရန်ကုန်တိုင်းတရားရုံးတော်၌

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၂၁၉၇ နှင့် ဆက်သွယ်သည့်

၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂၄

ဒေါ်အေးအေးမွန်(ခ) **နှင့်** ဦးစိုးစိုး

ဒေါ်ဟုံကြီး

ဒီကရီအနိုင်ရသူ **တရားရှုံး**

အမှတ်-၇၈(ဒုတိယထပ်)၊ ရတနာပုံလမ်း၊ အရှေ့ဈေးကြီးရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နေ ဦးစိုးစိုး (ယခု နေရပ်လိပ်စာ မသိသူ) သိစေရမည်။

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၂၁၉၇ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်အေးအေးမွန်(ခ)ဒေါ်ဟုံကြီးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၇ခုနှစ် မတ်လ၅ ရက် (၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော်၃ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **နန်းညွန့်နွယ်**

တွဲဖက်တိုင်းတရားသူကြီး(၇)၊ ရန်ကုန်တိုင်းတရားရုံး။

ရောင်းမည်

၁။ ၃၉လမ်း၊ အောက်လမ်း ၂၅ပေXပေ ၅၀ တိုက်အသစ်၊ မြေညီထပ်နှင့် ပထမထပ်၊ ကျောက်တံတားမြို့နယ်။

၂။ နဝဒေးလမ်း၊ ပထမထပ်၊ ဟောင်ကောင်ပုံစံ ၂လွှာ၊ ဒဂုံမြို့နယ် ညှိနှိုင်းဈေးဖြင့် ရောင်းပါမည်။

စုံစမ်းရန်-(ရုံးချိန်)-ဖုန်း-၀၁-၂၄၂၆၇၁၊ ၅၂၅၄၈၉၊ ၅၀၂၁၂၃။



အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ဖာလင်ကျေးရွာနေ ဦးအိုက်ဆမ်-ဒေါ်အေမေ ထွန်းတို့၏သားဖြစ်သူ မိုင်းဆမ်သိန်းသည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးအိုက်ဆမ် ၁၃/နခန(နိုင်)၀၂၂၅၈၈။**



ဖြူးအလက တိုးချဲ့နီလာ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း စာရွက်စာတမ်းများ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ဖြူး ဖေဖော်ဝါရီ ၂၅

ဖြူးမြို့ အလယ်တန်းကျောင်း (ယခင်စက်ပိုင်းကျောင်း) တိုးချဲ့နီလာကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက် ၉နာရီက တိုးချဲ့နီလာကျောင်းဆောင်သစ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်ပညာရေးမှူးကိုယ်စား ဖြူး အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးထွန်းရီနှင့် တိုးချဲ့ကျောင်းဆောင်သစ်အလှူရှင် ဖြူးမြို့ မြင်းနှစ်ကောင် ဆေးလိပ်ခုံပိုင်ရှင်(ဦးမရန်လှ)ဇနီး ဒေါ်ကြည်စန်းနှင့် မိသားစုများ၊ ဖြူးအလက ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ ဖြူး အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးထွန်းရီနှင့် အလှူရှင်မိသားစုကိုယ်စားသားဖြစ်သူ ဦးဇော်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** မြို့နယ်ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာကြီးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အလှူရှင်မိသားစုကိုယ်စား ဦးဇော်အောင်က တိုးချဲ့ ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုးချဲ့နီလာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို သားဖြစ်သူ ဦးဇော်လွင်က မြို့နယ်ပညာရေးမှူးကိုယ်စား အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးထွန်းရီထံ လွှဲပြောင်းပေးအပ်သည်။ **(၂၈၄)**

သိမ်းဆည်းရမိ ဆိုင်ကယ်များ ပိုင်ရှင်ထံ ပြန်အပ်နှံ

တောင်ကြီး ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် အောင်ပန်းရဲစခန်း(ပ)၂၅၉/၂၀၀၆ ပြစ်မှုပုဒ်မ ၃၈၀/၅၄ အမှုမှ ဖော်ထုတ်သိမ်းဆည်းရမိသော ဆိုင်ကယ်၁၉စီးကို ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အောင်ပန်းမြို့ သမဝါယမအသင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပစ္စည်းပိုင်ရှင်များက ရဲတပ်ဖွဲ့သို့ ငွေကျပ်တစ်သိန်းချီးမြှင့်ကာ ဆိုင်ကယ်များကို ပိုင်ရှင်တစ်ဦးချင်းထံသို့ ပြန်လည်ပေးအပ်သည်။ (ဝဲပုံ)

အဆိုပါ သိမ်းဆည်းရမိခဲ့သော ဆိုင်ကယ်များမှာ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၀ရက်က အောင်ပန်းရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်အေးမင်းထွန်းနှင့် အဖွဲ့သည် ရပ်ကွက်(၃) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့်အတူ ရှုခင်းသာတည်းခိုခန်းကို ရှောင်တခင်ဝင်ရောက်ပြီး ဧည့်စာရင်း စစ်ဆေးရာ အခန်းအမှတ်(၁၀)တွင် တည်းခိုသူ အောင်ဖြိုးဦး(ခ) မွေးနီ(ခ)ဝေလင်းထွန်း(ဘ)ဦးဖိုးသာအောင်(၂၂)နှစ် အကွက်ကြီး(၄)၊ နယ်မြေ(၄) အေးသာယာမြို့သစ်နေသူအား မသင်္ကာဖွယ်ရာ ဆိုင်ကယ်သော့နှစ်ချောင်းတွေ့သဖြင့် စစ်ဆေးရာမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

(ပြည်နယ် ပြန်/ဆက်)

ကော့မှူးအထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ကော့မှူးမြို့(အထက) စတင်တည်ထောင်သည့် ၁၉၅၃ခုနှစ်မှစ၍ ၁၉၇၈ခုနှစ် ကာလအတွင်း (အထက) ကျောင်းဟောင်းတွင် ပညာသင်ကြားပို့ချသွားခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများက မတ် ၂၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ကော့မှူးမြို့(အထက) ကျောင်းဟောင်းတွင် မြတ်ဆရာ ပူဇော်ကန်တော့ပွဲ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

အဆိုပါကျောင်းတွင်ပညာသင်ကြားပို့ချခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးဝင်းကြိုင်(ရွှေတိဂုံ) ဖုန်း-၂၅၁၈၅၁နှင့် ဦးခင်ဇော်၊ ဦးလှတင့်-ဒေါ်ခင်ခင်စု၊ ဒေါ်အေးစံတို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာစည်မြို့နယ် ရွာကြီးအခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်တွင် မြို့နယ်သချ်ာထူးချွန်ဆုရ အဋ္ဌမတန်းမှ မသူဇာနိုင်အား ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်စိုးက ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

မော်ကျွန်းမြို့ သာယာလှပရေး လုပ်ငန်းဆောင်ရွက်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ သန့်ရှင်းသာယာ လှပစေရေးအတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင့်လွင်ဦးနှင့်အဖွဲ့ဝင်များက မြို့မရပ်ကွက် ပြည်သူများ၏ ပူးပေါင်းကူညီမှုများဖြင့် လမ်းအလိုက်၊ ရပ်ကွက်အလိုက် သန့်ရှင်းသာယာ လှပရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မီးထွန်းညှိ

မြို့အဝင် သန့်ရှင်းသာယာလှပရေးအတွက် အလှမီးပုံး၊ မီးဆိုင်းများ စိုက်ထူထွန်းညှိဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် ည ၇နာရီက မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလ လမ်းမကြီးနှင့် ၁၃လမ်းထိပ် ထောင့်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မီးပုံး၊မီးဆိုင်းများ စတင်ထွန်းညှိပေးလိုက်သည်။

အဆိုပါ မဟာဗန္ဓုလလမ်းမကြီး လမ်းလယ်ကျွန်းတစ်လျှောက် အလှပန်းများ စိုက်ပျိုးခြင်းနှင့် အလှမီးပုံး၊ မီးဆိုင်း တပ်ဆင်ထားရှိခြင်းကို ဖေဖော်ဝါရီ ၁၂ရက်က သာယာလှပစွာ တွေ့ရသည်။ **(အောက်ပုံ)**

(၀၉၇)

မကွေးတိုင်းအတွင်း လမ်း၊ တံတားလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း စစ်ဆေး သတ်မှတ်ချိန်အမီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ဂန့်ဂေါမြို့မှ ဂန့်ဂေါ-ထီးလင်း-ကျောက်ထုကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ဂန့်ဂေါ-ရေမျက်နီလမ်းအပိုင်းရှိ လမ်း၊ တံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးအား ရေမျက်နီလမ်းဆုံ ရှင်းလင်းဆောင်၌ ဂန့်ဂေါခရိုင် အင်ဂျင်နီယာမှူး ဦးမောင်နိုင်က ဂန့်ဂေါ-ထီးလင်း-ကျောက်ထုလမ်းတွင် လုပ်ငန်းများဆောင်ရွက်ထားမှုနှင့် လမ်း၊ တံတားများအခြေအနေကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လမ်းသားမျက်နှာပြင်ပျက်စီးမှုကို လက်ရှိလမ်းအမျိုးအစားအတိုင်း ပြုပြင်ထိန်းသိမ်းရန် မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မိုင်တိုင် ၉၄ မိုင် ၅ ဖာလုံနှင့် မိုင်တိုင် ၂၃ မိုင် ၆ ဖာလုံတို့၌ သံကူကွန်ကရစ်တံတား သံချောင်းများတပ်ဆင်ဆောင်ရွက်မှုကိုလည်းကောင်း၊ ၆၉ မိုင် ၂ ဖာလုံ၌ လမ်းမျက်နှာပြင်ညှိ၍ ကတ္တရာ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မှာကြားဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ထုမြို့မှ ပခုက္ကူ-ပေါက်-ကျောက်ထု ကားလမ်းအတိုင်း လမ်း၊ တံတားလုပ်ငန်းများ စစ်ဆေး၍ ၆၂ မိုင် ၆ ဖာလုံ ပုံတောင်ထိပ်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဝန်ကြီးအား ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင် အင်ဂျင်နီယာမှူးတို့က လုပ်ငန်းများဆောင်ရွက်ထားမှုအခြေအနေကို လမ်းပိုင်းအလိုက် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၁ လျှပ်စစ်)

ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုစစ်ဆေး ပွင့်လင်းရာသီတွင် လုပ်ငန်းများ အားသွန်ခွန်စိုက်လုပ်ကိုင်ရေး မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တောင်ငူမြို့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ပသိချောင်းတမံအနီး၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ပသိရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာက ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ စက်ပစ္စည်းများရောက်ရှိမှုအခြေအနေ၊ လုပ်ငန်းလျာထားသတ်မှတ်ချက် စသည်တို့ကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

အင်းလေးဒေသရှိ ကျေးရွာများသည် မိရိုးဖလာလက်မှုလုပ်ငန်းများဖြင့် လုပ်ကိုင်စားသောက် ဆည်ခေါင်ရွာတွင် ပန်းပဲဖို ၈၀ ရှိ၍ တစ်နေ့လျှင် ဓားအလက် ၂၀၀ ခန့်ထွက်ရှိ လူ့စွမ်းအားဖြင့် ထုတ်လုပ်သော လက်မှုလုပ်ငန်းများကို ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စား

သတင်းမြင်ကွင်း - ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တည်ရှိပြီး အရှေ့ဘက်နှင့် အနောက်ဘက်တွင် မြောက်မှတောင်သို့ သွယ်တန်းနေသော ထုံးကျောက်တောင်တန်းတို့အကြား ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၂၉၀၀ တွင်တည်ရှိသည့် သဘာဝကန်တွင်း ရေကန်ကြီးကို မှီတင်းနေထိုင်ကြသော အင်းသားအင်းသူများသည် မိမိတို့မိရိုးဖလာ အတတ်ပညာများဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ အေးချမ်းစွာ နေထိုင်ကြသည်။

တစ်ဖက်တစ်လမ်းက သယ်ပိုး

အင်းလေးကန်သည် အနောက်ဘက်တွင် မော်ဝန်ပြတ်ရွှေ့နှင့် အရှေ့ဘက်တွင် တောင်ကြီးပြတ်ရွှေ့တို့ကြား၌ သွယ်တန်းတည်ရှိသည်။ သဘာဝအရဖန်တီးဖြစ်ပေါ်လျက်ရှိသော ရေပြင်ကြီးတွင် ရောင့်ရဲတင်းတိမ်သော စိတ်ထားဖြင့် မိဘဘိုးဘွား အစဉ်အဆက်ထားရှိသော ရိုးသားကြိုးစားသည့်စိတ်ကို အရင်းခံလျက် *စာမျက်နှာ ၆ ကော်လံ ၁* ✻

မြန်မာ့ရိုးရာ လက်မှုပညာ ပန်းပဲလုပ်ငန်း လုပ်ကိုင်နေကြသည်ကို အင်းလေးရောက် ကမ္ဘာလှည့်ခရီးသွားများ ဤသို့စိတ်ဝင်တစား ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးလေ့ရှိကြသည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)